# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 19 December 2023 ၁၁၃၁၄


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကဝ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက် အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

# တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သော ဆေးသိပ္ပံပညာရပ်နှင့် တိုင်းရင်းသားပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာမျှဝေပေးမှု၊ ဆေးကုသမှုလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချ

## ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအပြင် နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## အိန္ဒိယ၏ ပဲလိုအပ်ချက်မြင့်မားမှုကြောင့် မန္တလေးဈေးကွက်တွင် မတ်ပဲလက်ကျန် နည်းပါးသည်အထိ တင်ပို့နေရ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်မြင့်မားမှုကြောင့် မန္တလေးဈေးကွက်တွင် မတ်ပဲလက်ကျန်နည်းပါးသည်အထိ တင်ပို့နေရကြောင်း မန္တလေးကုန်စည်ဒိုင်မှ စုံစမ်းသိရသည်။

အဆိုပါလိုအပ်ချက်မြင့်မားမှုကြောင့် မန္တလေးပဲဈေးကွက်အတွင်း မတ်ပဲနှင့် ပဲစင်းငုံများ ဈေးကောင်းရနေကြောင်း သိရသည်။

"အိန္ဒိယလိုင်းက တောက်လျှောက်ဝယ်နေတယ်။ မတ်ပဲက မန္တလေးဈေးကွက်မှာ အဟောင်းလက်ကျန် အတော်လေးနည်းသွားပြီ"ဟု အဆိုပါကုန်စည်ဒိုင်မှ တာဝန်ရှိသူက ပြောသည်။

လာမည့်နှစ်တစ်လပိုင်းနှင့် နှစ်လပိုင်းအတွက် သင်္ဘောဖြင့် တင်ပို့ရန် ကြိုတင်ဝယ်ယူမှုရှိနေကြောင်း အဆိုပါဈေးကွက်မှ စုံစမ်းသိရှိရသည်။ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ ပြည်ပသို့ မတ်ပဲနှင့် ပဲစင်းငုံအပါအဝင် ပဲမျိုးစုံ တန်ချိန် ၁၀ သိန်းကျော်တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၅၀ ကျော် ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

**ထက်ဦးမောင်**

## ယနေ့ ဖတ်စရာ


**ပုပ္ပားဒေသကို ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်နိုင်မည်ဆိုပါက ပုပ္ပားဒေသတွင် Geotourism ဟုခေါ်ဆိုသော ဘူမိခရီးသွားလုပ်ငန်း ပေါ်ပေါက်လာမည်ဖြစ်ပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို ထပ်မံရရှိစေမည်**

ဆောင်းပါး စာမျက်နှာ » ၁၀

**နိုင်ငံတော်အနေဖြင့် ကော်ဖီလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်**

စာမျက်နှာ » ၁၂

ကြေးမုံ

# နိုင်ငံ့စီးပွားတိုးတက်ရေး ထိရောက်စွာကြိုးပမ်း

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးအင်အား တောင့်တင်းခိုင်မာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြင့်မားရေး၊ တိုင်းပြည်ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းနိုင်ငံတိုင်းသည် မိမိတိုင်းပြည်တွင် အခက်အခဲများ၊ စိန်ခေါ်မှုများ မည်သို့ပင်ရှိနေသော်လည်း စီးပွားရေးတိုးတက်ကောင်းမွန်လာအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ စိန်ခေါ်မှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများ၊ ပြည်ပမှ ဖိအားပေး ပိတ်ဆို့အကျပ်ကိုင်မှုများ စသည့်အခက်အခဲများကြားမှ တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဘေး၊ ဆိုင်ကလုန်းမုန်တိုင်းမိုခါဘေး စသည့်သဘာဝဘေးအမျိုးမျိုးကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကိုဦးတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများက ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ခေတ်မီနည်းစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ရေရှည်အာမခံချက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် အလေးထားလုပ်ကိုင်ပေးလျက်ရှိသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် စားသုံးဆီအမျိုးမျိုးနှင့် စက်သုံးဆီများ ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသောကြောင့် နိုင်ငံခြားငွေလိုအပ်ချက်များ မြင့်မားနေသည်။ ပြည်ပမှ စက်သုံးဆီတင်သွင်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီက စိစစ်ကြပ်မတ်ဆောင်ရွက်ပြီး ပြည်တွင်း၌ စက်သုံးဆီအခက်ခဲမရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍသာမက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့အပြင် အခြားကဏ္ဍများတွင်လည်း နိုင်ငံတော်က ဘတ်ဂျက်များ ကျခံသုံးစွဲပေးလျက်ရှိပြီး အကျိုးရှိစွာအသုံးပြုကြရန်လိုအပ်သည်။

နိုင်ငံတော်အစိုးရက တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေရန် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ခွင့်ပြုထားသည့် အပိုထောက်ပံ့ကြေးအသုံးစရိတ်၊ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ပြန်လည်ထူထောင်ရေးအသုံးစရိတ်နှင့် အခြားလိုအပ်သည့်အသုံးစရိတ်များ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အသစ်တိုးချဲ့ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၃၄ ကျောင်းတွင် တစ်ထပ် ၃၄ ဆောင် ဆောက်လုပ်ရန်အတွက် အသုံးစရိတ်များ ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့် အခွန်ဝေစုကိုလည်း ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

“ယခုခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် နိုင်ငံတော်က ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်နှင့် အကျိုးရှိရှိသုံးစွဲကြရန် လျာထားသည့် ရငွေလျာထားချက်များအတိုင်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်၌ အရအသုံးလျာထားချက်များနှင့် အနီးစပ်ဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတို့၏ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်”ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃)တွင် ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ရန် ရည်ရွယ်ပြီး “ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး” ဟူသည့် စီးပွားရေးဦးတည်ချက်ကို မျက်ခြည်မပြတ် အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများ၏ လိုအပ်ချက်နှင့်ကိုက်ညီမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ခွင့်ပြုထားသည့် ဘတ်ဂျက်အတွင်း ထိရောက်စွာဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

## ရာဇဝတ်အထူးအယူခံမှု ခုနစ်မှုနှင့် တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၁၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁/၂၀၂၃ (ရန်ကုန်)၊ ၂/၂၀၂၃ (မန္တလေး)၊ ၃/၂၀၂၃ (ကချင်)၊ ၄/၂၀၂၃ (ကချင်)၊ ၅/၂၀၂၃ (ကချင်)၊ ၆/၂၀၂၃ (ရခိုင်)နှင့် ၇/၂၀၂၃ (ရန်ကုန်)၊ တရားမအထူးအယူခံမှုအမှတ် ၄၉/၂၀၂၂ (မွန်)၊ ၅၀/၂၀၂၂ (မွန်)၊ ၂၉/၂၀၂၃ (ရှမ်း)၊ ၃၀/၂၀၂၃ (ရှမ်း)၊ ၃၄/၂၀၂၃ (ဧရာဝတီ)နှင့် ၃၆/၂၀၂၃ (မန္တလေး)စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု ခုနစ်မှုနှင့် တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၆/၂၀၂၂ (မန္တလေး)၊ ၇/၂၀၂၃(ပဲခူး)၊ ၁၈/၂၀၂၃(ရန်ကုန်)၊ ၃၇/၂၀၂၃ (ရှမ်း)နှင့် ၃၈/၂၀၂၃ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးတင်ယုအား အိုမန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဒီဇင်ဘာ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိ တာဝန်ဝတ္တရားများအပြင် အိုမန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း ပြည်ခရိုင်ရုံးခန်းဖွင့်လှစ်

ပြည် ဒီဇင်ဘာ ၁၈

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(MIAC)တရားဝင်တည်ထောင်ထားသော Myanmar International Arbitration Centre (MIAC) Incorporated ၏ ပြည်ခရိုင်ရုံးခန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က ပြည်မြို့ရှိ ၎င်းရုံးခန်း၌ ကျင်းပသည်။



အစီအစဉ်အရ ဗဟိုဥက္ကဋ္ဌ(တည်ထောင်သူ) ဦးအဲလ်ဘတ်ဇော်မင်းထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို MIAC ပဲခူးတိုင်းဒေသကြီးတွဲဖက်အတွင်းရေးမှူး ဦးတင်ထွန်းက ဖတ်ကြားပြီး MIAC ပဲခူးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးခင်မောင်ရွှေက အမှာစကားပြောကြားသည်။

ဆက်လက်၍ MIAC (ပြည်ခရိုင်) ရုံးဆိုင်းဘုတ်ကို တာဝန်ရှိသူများက နံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ခဲ့သည်။

ထို့နောက် MIAC (ပြည်ခရိုင်)ဥက္ကဋ္ဌ ဦးကျော်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **ဘော်ဂါသွေး**

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၈ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၈၀၀ | ၂၀၀ | ၁,၇၃၀,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၈၀၈ | ၂,၃၀၆,၁၅၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၁၀ | ၇၆,၀၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၁,၃၃၇ | ၂,၂၀၆,၀၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁၁ | ၂၆,၉၅၀ |
| EFR | ၁,၉၀၀ | ၂,၀၀၀ | ၅၉၄ | ၁,၁၅၈,၀၀၀ |
| AMATA | ၄,၆၀၀ | ၄,၈၀၀ | ၄ | ၁၈,၈၀၀ |
| MAEX | ၁,၇၀၀ | ၁,၆၅၀ | ၁,၉၂၉ | ၃,၁၈၄,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အောင်ကျော်မင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စောပြည့်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း နိုင်ရဲလှအား ဆုပေးအပ်ချီးမြှင့်စဉ်။

❂ **ရှေ့ဖုံးမှ**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ်ခေတ္တကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်ဆေးတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အလေးပြုခြင်းခံယူ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်း တပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄)မှ အောင်စစ်သည်ဆု ရရှိသူ ဗိုလ်လောင်း အောင်ကျော်မင်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စောပြည့်အောင်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း နိုင်ရဲလှတို့ကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် **တပ်မတော်ဆေးတက္ကသိုလ်ကို "တပ်မတော်(ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိများ မွေးထုတ်ပေးရန်" ဟူသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်း ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအပြင် ပေးအပ်လာသည့် တာဝန်များကို ကျရာကဏ္ဍအလိုက် အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ကြရမည်ဖြစ်ကြောင်း။**

**အကောင်အထည်ဖော်လျက်ရှိ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် **"တိုင်းပြည်သာယာဝပြောရေး နှင့် စားရေရိက္ခာဖူလုံရေး"**ကို အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် အမယ်စုံလင်သော စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ခြင်းသည် တိုင်းပြည်စီးပွားရေးကို မြှင့်တင်ခြင်းဖြစ်သကဲ့သို့ စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကို များစွာအထောက်အကူပြုနိုင်မည်ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမြေဧရိယာကျယ်ပြန့်ခြင်း၊ လူဦးရေ သင့်တင့်မျှတခြင်း၊ ရာသီဥတု သမမျှတခြင်းတို့ ရှိသည့်အတွက် အခြေခံအားဖြင့် စားနပ်ရိက္ခာ ဖူလုံလုံခြုံမှုရှိသည်ဟု ဆိုနိုင်သော်လည်း နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် အစားအစာများကို သင့်တင့်မျှတအောင် ရွေးချယ်စားသုံးနိုင်မှု အလေ့အထ အားနည်းသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့ တာဝန်ကျရာ ဒေသအသီးသီးကို သွားရောက် တာဝန်ထမ်းဆောင်သည့်အခါ စားသောက်နေထိုင်မှုပုံစံကို ကျန်းမာရေးနှင့် ညီညွတ်မျှတအောင် အသိပညာပေးခြင်း၊ ပြုပြင်ပေးခြင်းများကို ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံ၌ ၂၀၂၃ ခုနှစ် မိုခါဆိုင်ကလုန်းမုန်တိုင်း တွေ့ကြုံချိန်တွင် ကြိုတင်ပြင်ဆင်မှုများ အားကောင်းခဲ့သဖြင့် ထိခိုက်ဆုံးရှုံးမှု နည်းပါးခဲ့သည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်း တိုက်ခတ်ချိန်ကစပြီး ပြန်လည်ထူထောင်ရေးလုပ်သည့် အချိန်ထိ မုန်တိုင်းဒဏ်ဘေးသင့် ပြည်သူများအတွက် **စာမျက်နှာ ၄ သို့** ❂

❖ **တပ်မတော်ဆေးတက္ကသိုလ်ကို "တပ်မတော်(ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိများ မွေးထုတ်ပေးရန်"ဟူသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအပြင် ပေးအပ်လာသည့် တာဝန်များကို ကျရာကဏ္ဍအလိုက် အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ကြရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

❂ စာမျက်နှာ ၃ မှ

လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအနေဖြင့် ရောဂါကာကွယ်နှိမ်နင်းရေး ဆေးအဖွဲ့ ငါးဖွဲ့ဖြင့် မုန်တိုင်းဒဏ်ဘေးသင့် ဒေသများတွင် သဘာဝဘေးအလွန် ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိအောင် ကာကွယ်စောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း၊ **သဘာဝဘေးအန္တရာယ်များ ကျရောက်လာတိုင်း မိမိတို့တပ်မတော်သည် ကူညီဆောင်ရွက်ပေးရန် အမြဲအသင့်ရှိနေသောကြောင့် မိုခါမုန်တိုင်းဒဏ်ခံခဲ့ရသည့် ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တိုင်းတွင် ဆေးမှူးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့များသည် ရှေ့တန်းမှ တက်တက်ကြွကြွပါဝင်ခဲ့သည်ကို တွေ့မြင်ရမည်ပင်ဖြစ်ကြောင်း။**

**ကျန်းမာရေးကဏ္ဍကို အလေးထားမြှင့်တင်လျက်ရှိ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက် ဒုတိယအချက်မှာ **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"** ဟူ၍ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများ ကျန်းမာစွာ အသက်ရှင်နေထိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။



တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

ထို့ကြောင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်လှည့်အထူးကုဆေးအဖွဲ့များဖြင့် နိုင်ငံအဝန်း လိုက်လံ ကုသပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း နယ်လှည့်ဆေးကုသရေး ယာဉ်များနှင့် ကျေးလက်နေ ပြည်သူများကို အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်လျက် ရှိသကဲ့သို့ ပင်လယ်သွား ဆေးရုံရေယာဉ်၊ မြစ်တွင်းသွား ဆေးရုံရေယာဉ်တို့ဖြင့် ဒေသခံပြည်သူလူထု စုစုပေါင်း ကိုးသိန်းကျော်ကို သွားရောဂါ၊ မျက်စိရောဂါ အပါအဝင် ကလေးရောဂါ၊ ခွဲစိတ်ကုသမှုရောဂါနှင့် ဆေးကုသမှုဆိုင်ရာ ရောဂါများကို ကုသဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ နိုင်ငံအဝန်း ကျေးလက်ဒေသများအထိ သွားရောက်ပြီး ရောဂါဝေဒနာ ခံစားနေရသည့် ပြည်သူများကို လိုအပ်သည့် စမ်းသပ်ကုသမှုနှင့် ခွဲစိတ်ကုသမှုများကို အခမဲ့ဆောင်ရွက်ပေးနေခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို မိမိတို့တပ်မတော်အနေဖြင့် စေတနာ မေတ္တာအမှန်ဖြင့် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ယနေ့ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရေးအတွက် ပြည်ပနိုင်ငံအချို့၏ ထောက်ပံ့မှုများနှင့် အစွန်းရောက် ပြည်ပြေးနိုင်ငံရေးသမားများက ငြိမ်းချမ်းရေးကို မလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့်ပူးပေါင်းပြီး အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့ လုပ်ဆောင်သည့်နေရာတွင် ဆင်ခြင်တုံတရားမဲ့စွာ စစ်ဘက်နှင့် မသက်ဆိုင်သည့် ကျန်းမာရေး ကဏ္ဍကိုလည်း ရည်ရွယ်ချက်ရှိရှိ ဦးတည်တိုက်ခိုက်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်က ဥပဒေအရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော်၏ ကျန်းမာရေး စောင့်ရှောက်မှု၊ ယန္တရားလည်ပတ်မှု ရပ်တန့်သွားစေရေးအတွက် ဆရာဝန်၊ သူနာပြုများအပါအဝင် ကျန်းမာရေးဝန်ထမ်းများကို CDM ပြုလုပ်လာအောင် သွေးဆောင်ဖြားယောင်းခြင်း၊ ဖိအားပေး အကျပ်ကိုင်ခြိမ်းခြောက်ခြင်းများကို ပြုလုပ်ခဲ့ကြကြောင်း၊ အချို့သော ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုက်နာကျင့်ကြံရမည့် ကတိသစ္စာကို ဖောက်ဖျက်ခဲ့ကြသဖြင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လစ်ဟာမှုများဖြစ်ပေါ်ခဲ့ပြီး မိမိတို့ တပ်မတော်သား ပါရဂူ၊ ဆရာဝန်နှင့် သူနာပြုများက ဝင်ရောက်တာဝန် ထမ်းဆောင်ပေးခဲ့ရကြောင်း။

ထို့အပြင် အကြမ်းဖက်သမားများသည် မိဘပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးနှင့် မိသားစုဘဝလုံခြုံရေးအတွက် အလွန်အန္တရာယ်ကြီးမားသည့် လုပ်ရပ်များဖြစ်သော ဆေးရုံ၊ ဆေးပေးခန်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်းများကို အကြိမ်ကြိမ်ဆောင်ရွက် ခဲ့ကြသည့်အပြင် ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်း ခြိမ်းခြောက်ခြင်း၊ ဖိအားပေးအနိုင်ကျင့်ခြင်းများ၊ အကြမ်းဖက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ယင်းလုပ်ရပ်များသည် အစွန်းရောက် အကြမ်းဖက်လုပ်ရပ်များဖြစ်သည့်အတွက် မည်သည့်နိုင်ငံ၊ မည်သည့် လူ့အဖွဲ့အစည်းကမျှ လက်မခံနိုင်သကဲ့သို့ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း လက်မခံနိုင်သည့် လုပ်ရပ်များဖြစ်ကြောင်း။

> ❖ **အကြမ်းဖက်အဖွဲ့အစည်းများ၏ ကျန်းမာရေးဝန်ထမ်းများအပေါ် ပြုလုပ်ခဲ့သည့် ဆိုးရွားသည့်ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူသိရှိနားလည်ပြီး လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်သည့်အခါ တပ်မတော်သားဆရာဝန် စစ်သည်တော်ကောင်းများပီပီ မိမိတတ်ကျွမ်းသည့် ဆေးပညာဖြင့်သာမက လုံခြုံရေးသတိ၊ နိုင်ငံရေး အသိမှန်များဖြင့် မိဘပြည်သူများကို ကာကွယ်စောင့်ရှောက်**

**မိဘပြည်သူများကို ကာကွယ်စောင့်ရှောက်**

မိဘပြည်သူများ၏ ကျန်းမာရေးကဏ္ဍအပေါ် ဦးတည်ချက်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ လူသားအရင်းအမြစ် စွမ်းအားပြိုလဲအောင် တိုက်ခိုက်ခြင်းဖြစ်သကဲ့သို့ အပြစ်မဲ့ပြည်သူလူထုကို ဦးတည်ပြီး သစ္စာမဲ့စွာ အကြမ်းဖက် တိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း၊ **အကြမ်းဖက်အဖွဲ့အစည်းများ၏ ကျန်းမာရေးဝန်ထမ်းများအပေါ်ပြုလုပ်ခဲ့သည့် ဆိုးရွားသည့်ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူသိရှိနားလည်ပြီး လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်သည့်အခါ တပ်မတော်သားဆရာဝန် စစ်သည်တော်ကောင်းများပီပီ မိမိတတ်ကျွမ်းသည့် ဆေးပညာဖြင့်သာမက လုံခြုံရေးသတိ၊ နိုင်ငံရေး အသိမှန်များဖြင့် မိဘပြည်သူများကို ကာကွယ်စောင့်ရှောက်သွားကြရန်** မှာကြားလိုကြောင်း။ ရောဂါကုသမှုများအတွက် တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင် ပေးခဲ့ရာတွင် ကျောက်ကပ်အစားထိုး ကုသနိုင်သည့် ဆေးရုံ လေးခု၊ အသည်းအစားထိုးကုသနိုင်သည့် ဆေးရုံ တစ်ခု၊ နှလုံးရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ ကုသနိုင်သည့် ဆေးရုံ လေးခု၊ နှလုံးခွဲစိတ်ကုသနိုင်သည့် ဆေးရုံ နှစ်ခု၊ အစာအိမ်အူလမ်းကြောင်းကို မှန်ပြောင်းဖြင့် ခွဲစိတ် ကုသနိုင်သည့်ဆေးရုံ ငါးခု အထိရှိလာပြီဖြစ်ကြောင်း။

ထိုကဲ့သို့ တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သောကြောင့် တပ်မတော်အနေဖြင့် ကျောက်ကပ်အစားထိုး လဲလှယ်ခြင်း၊ နှလုံးခွဲစိတ်ကုသခြင်း၊ နှလုံးခုန်နှုန်း ထိန်းညှိစက်ထည့်ခြင်း၊ နှလုံးသွေးကြော Stent ထည့်ကုသခြင်း၊ ဦးနှောက်နှင့် ရင်ခေါင်းခွဲစိတ်ကုသခြင်းများကို တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက အရပ်သားပြည်သူများကိုပါ အောင်မြင်စွာကုသပေးနိုင်ခဲ့သဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးမှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရမည်ဖြစ်ကြောင်း။ **စာမျက်နှာ ၅ သို့ ❂**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

❂ စာမျက်နှာ ၄ မှ

ထို့ပြင် တပ်မတော်သား ဆရာဝန်များဖြစ်သကဲ့သို့ စစ်ဘက်ခေါင်းဆောင်ငယ်များလည်းဖြစ်သည့်အတွက် မိမိကိုယ်ကို ခေါင်းဆောင်မှု အရည်အချင်းနှင့်ပြည်စုံနေအောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ခေါင်းဆောင်မှုပေးပြီး မိမိတပ်ဖွဲ့ဝင်များနှင့်အတူ ပေးအပ်လာသည့် ရည်မှန်းချက် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ကြရမည်၊ ရဲစွမ်းသတ္တိနှင့်ပြည့်ဝသည့် တပ်မတော်သား ခေါင်းဆောင်ငယ်ကောင်းများဖြစ်ရန် လိုသကဲ့သို့ ဆရာဝန်ဖြစ်သည့် အလျောက် မြင့်မြတ်သည့်စိတ်ထား ကူညီရိုင်းပင်းသည့် နှလုံးရည်နှင့် ပြည့်ဝရန်လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့်ပြောရမည်ဆိုပါက လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ခေါင်းဆောင်ကောင်းများဖြစ်ရန် **“ပညာပြည့်ဝ၊ နှလုံးလှ”** အောင် မိမိကိုယ်ကို အမြဲလေ့ကျင့်တည်ဆောက်သွားကြရန် လိုအပ်သကဲ့သို့ ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းများကိုလည်း **“သမားဇာနည်အောင်စစ်သည်”** ဟူသည့်အတိုင်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဟု အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

> ❖ **တပ်မတော်သား ခေါင်းဆောင်ငယ် ဆရာဝန်ဆေးမှူးများဖြစ်သဖြင့် မြင့်မြတ်သည့် စိတ်ထား၊ ကူညီရိုင်းပင်းသည့် နှလုံးရည်၊ ကြံ့ခိုင်သည့် ရဲစွမ်းသတ္တိများ ပြည့်စုံပြီး နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားထားရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများဖြစ်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်**

**အမျိုးသားရေးစိတ်ဓာတ်ဖြင့်**
**ကြိုးပမ်းဆောင်ရွက်**

သမားဇာနည်များ မွေးဖွားပေးရာဖြစ်သည့် **တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သော ဆေးသိပ္ပံပညာရပ်နှင့် တိုင်းရင်းသား ပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာမျှဝေပေးမှု၊ ဆေးကုသမှုလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချဆောင်ရွက်**သွားကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲ တိုးတက်နေသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသုတေသနပြုပြီး သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်တတ်မြောက်သည့် ဆေးပညာရှင် ဆရာဝန် အရာရှိကောင်းများဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန်၊ တာဝန်ကျရာတပ်၊ ဒေသအသီးသီးတွင် တာဝန်ကျေပွန်ပြီး မိမိတို့တတ်ကျွမ်းသည့် ဆေးပညာနှင့် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအပြင် နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အတွက် အမျိုးသားရေး စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် **တပ်မတော်သားခေါင်းဆောင်ငယ် ဆရာဝန်ဆေးမှူးများဖြစ်သဖြင့် မြင့်မြတ်သည့်စိတ်ထား၊ ကူညီရိုင်းပင်းသည့် နှလုံးရည်၊ ကြံ့ခိုင်သည့် ရဲစွမ်းသတ္တိများ ပြည့်စုံပြီး နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားထားရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများဖြစ်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်**သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆု ရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။



တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။



တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား၌ နောက်ရံတပ်ခွဲတွင် အမျိုးသမီးဗိုလ်လောင်းများ စစ်ရေးပြပါဝင်လှုပ်ရှားနေမှုကို တွေ့ရစဉ်။

**စဉ်ဆက်မပြတ်**
**ကြိုးစားအားထုတ်**

ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ **သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သောဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက်ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ခြင်းဖြစ်**သဖြင့် ကောင်းမွန်သည့် အခြေခံကောင်းများရှိခဲ့ပြီးဖြစ်ကြောင်း၊ အခြေခံပညာ အထက်တန်းပညာကို မြင့်မားသော ရမှတ်များဖြင့် အောင်မြင်ခဲ့သည့် အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့် ထူးချွန်စွာ အောင်မြင်ခဲ့ပြီး ဖြစ်သဖြင့် ရှေ့ဆက်လက် လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများ မြင့်မားမည်ဖြစ်ပြီး မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် မပျောက်စေရေးအတွက် စဉ်ဆက်မပြတ် ဆက်လက် ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန် လိုကြောင်း၊ ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ ဂုဏ်ကျေးဇူးကို သိတတ်နားလည် ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော် ဆေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကို တန်ဖိုးထား၍ဆက်လက်တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်**ကြောင်း၊ လူသားတစ်ဦးတွင် ရှိသင့်သည့် ကျင့်ဝတ်သိက္ခာများကိုစောင့်ထိန်းပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကာ ကိုယ်ကျင့်တရား ကောင်းပြီး အောင်မြင်သူများဖြစ်အောင် မိမိဘဝကို မိမိကြိုးစားတည်ဆောက် နေထိုင်ကျင့်ကြံရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်ဆေးတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**


တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မန်းဖြိုးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**



# တပ်မတော်ဆေးတက္ကသိုလ်၏ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ်၏ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မန်းဖြိုး၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမရှိ သတ်မှတ်နေရာများတွင် နေရာယူပြီး နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာ ခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ ရရှိသူတို့အား ဘွဲ့လက်မှတ်များချီးမြှင့်ပြီး ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ် လက္ခဏာဖြစ်သည့် ဝတ်ရုံများကိုဝတ်ဆင်ခွင့်ပြုကာ ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ခေတ္တကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကာ ခေတ္တကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာကြသည်။

အဆိုပါ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများရရှိသည့် ပညာရည်ထူးချွန်ဆုအဆင့်များ ဂုဏ်ထူးများသည် တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်သာ စစ်ဆေးခြင်းမဟုတ်ဘဲ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး)စသည့် တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ်ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြားသော တက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိပြီး ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ရောင်ပစ်ကွင်းကျေးရွာ နွေစပါးစိုက်ကေများ စုပေါင်းမြေသြဇာကြဲပက်ပွဲ တက်ရောက်အားပေး

**ပုသိမ် ဒီဇင်ဘာ ၁၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းတွင် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ရောင်ပစ်ကွင်းကျေးရွာတွင် ပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါးစိုက်ကေများ ဓာတ်မြေသြဇာ စုပေါင်းကြဲပက်ပွဲသို့ တက်ရောက်အားပေးသည်။

**ပေါင်းစပ်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးရိတ်သိမ်းပြီးစီးမှု၊ နွေစပါးစိုက်ပျိုးမှုအခြေအနေများ မေးမြန်းခဲ့ပြီး ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်ဆောင်ရွက်နေမှုနှင့် တောင်သူဦးစိုးမင်းအောင်၏ လယ်မြေ ၇ ဒသမ ၃၆ ဧကနှင့် တောင်သူဦးသန်းအောင်၏ လယ်မြေ ၃ ဒသမ ဝ၂ ဧကတို့တွင် GW-11 မျိုးစပါးများအား သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျပေါင်းစပ်၍ စုပေါင်းကြဲပက်နေမှုများကို ကြည့်ရှုအားပေးကာ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တောင်သူများ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၂- ၂၀၂၃၊ ၂၀၂၃-၂၀၂၄ နှစ်ဆက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပေ(၁၃၀x၃၀) RCC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နွေစပါးစိုက်ကေများ စုပေါင်းမြေသြဇာကြဲပက်နေမှုများကို ကြည့်ရှုအားပေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် တံခွန်တိုင်ကျေးရွာ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ(Knowledge Center)တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကျောင်းကုန်းမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုနှင့်၊ နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက် (Bio-graphic) နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric)ကောက်ယူခြင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများထံ ပြုလုပ်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်ရှိ ဝေမာမြန်မာဆန်စက်လုပ်ငန်း (Wilmar Myanmar Riceland Kyailat Limited )သို့ ရောက်ရှိပြီး ဒေသအတွင်းမှ ထွက်ရှိသည့် စပါးများအား ပိုမိုဝယ်ယူကြိတ်ခွဲနိုင်စေရေး၊ Contrat Farming စနစ်ဖြင့် တောင်သူများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်စေရေး မှာကြားပြီး ပေါင်းဆန် ကြိတ်ခွဲထုတ်လုပ်နေမှု၊ စပါးအခြောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ သယ်ယူပို့ဆောင်ရေး ဆိပ်ကမ်းများတွင် ဝန်ချီစက်များ ထားရှိဆောင်ရွက်ထားရှိမှုနှင့် စပါးခွံလောင်စာသုံး ဘွိုင်လာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric)ကောက်ယူခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။

## တောင်ကိုရီးယားကိုသွားရောက်သည့် Re-entry လုပ်သားအချို့ထံမှ တားမြစ်ပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

တောင်ကိုးရီးယား သမ္မတနိုင်ငံ သွားရောက် အလုပ်လုပ်ကိုင်သည့် Re-entry လုပ်သားအချို့ထံမှ တားမြစ်ထားသည့် အစားအသောက်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ရာ မြန်မာလုပ်သားများ၏ ပုံရိပ် မကျဆင်းစေရေးနှင့် ကိုရီးယားသို့ ဝင်ရောက်မည့် မြန်မာလုပ်သားများ အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရန် တားမြစ်ပစ္စည်းများ သယ်ဆောင်ခြင်းမပြုရန် POEA-EPS (အစိုးရ၏ပြည်ပအလုပ်အကိုင်အေဂျင်စီ) က အသိပေးထားသည်။

EPS လုပ်သားများအား အင်းချွန်းလေဆိပ်၏ တားမြစ်ပစ္စည်းများကို သယ်ဆောင်ခြင်းမပြုရန် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ အကြိမ်ကြိမ်အသိပေးထားသော်လည်း ဒီဇင်ဘာ ၁၄ ရက်တွင် ဝင်ရောက်မည့် Re-entry လုပ်သားအချို့သည် အင်းချွန်းလေဆိပ်အဝင် တားမြစ်ပစ္စည်းများ သယ်ဆောင်လာကြောင်း တွေ့ရှိခဲ့၍ လေဆိပ်၌ ပစ္စည်းသိမ်းဆည်းခံရခြင်းနှင့် ငွေဒဏ်ပေးဆောင်ခဲ့ရကြောင်း POEA-EPS က ဆိုသည်။




ယခုကဲ့သို့ တားမြစ်ပစ္စည်းသယ်ဆောင်၍ ဒဏ်ရိုက်ခံရသူများကို မြန်မာဘက်မှလည်း Blacklist ထည့်၍ မြန်မာပြည်ပြန်လာချိန် ဒဏ်ငွေဆောင်ခြင်း၊ လဝက မှတ်တမ်းတွင်လည်း ထည့်သွင်းပြီး သံရုံးသို့ဆက်သွယ်ပြီး ဗီဇာသက်တမ်းမတိုးပေးခြင်းနှင့် passport သက်တမ်း မတိုးပေးခြင်းမျိုးအထိ ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း အကြံပြုထားသည်။

"မြန်မာဘက်ကလည်း ပြစ်ဒဏ်သတ်မှတ်ထားမှ အဆင်ပြေသွားမှာ"ဟု ကိုရီးယားရောက် မြန်မာနိုင်ငံသားတစ်ဦးက ပြောသည်။

ထို့ကဲ့သို့ တားမြစ်ပစ္စည်းများကို ယူဆောင်ခြင်း များလာပါကနောက် လာမည့် သူများကိုပါ အယုံအကြည့်မဲ့နိုင်ကြောင်းလည်း ၎င်းကပြောသည်။

**MT**

**Photo-POEA-EPS**

## မှော်ဘီမြို့နယ်အတွင်းရှိ တောင်သူများအား မျိုးစေ့ချကိရိယာဖြင့် နွေစပါး လက်တွေ့စိုက်ပျိုးပြသ

**မှော်ဘီ ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများအား မျိုးစေ့ချကိရိယာဖြင့် နွေစပါးလက်တွေ့စိုက်ပျိုးပြသပေးကာ တောင်သူအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ် ရိုးဝကျေးရွာ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

မျိုးစေ့ချကိရိယာဖြင့် နွေစပါးလက်တွေ့ စိုက်ပျိုးပြသပွဲတွင် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ အဖွဲ့ဝင်(၂)ဦးဝင်းစိုးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်က စပါးမျိုးစေ့ချကိရိယာ စီဒါ အသုံးပြုရခြင်း အကျိုးကျေးဇူးများကို တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံ တောင်သူများအား မျိုးစေ့ချကိရိယာဖြင့် နွေစပါးလက်တွေ့ စိုက်ပျိုးပြသပေးကြပြီး မျိုးစေ့ချကိရိယာဖြင့် တောင်သူများ စပါးစိုက်ပျိုးရာတွင် လုပ်အားကုန်ကျမှုစရိတ်များ သက်သာခြင်း၊ စပါးကောက်ကွက် ပြည့်မီခြင်း၊ အတန်းလိုက် ညီညာစွာစိုက်ပျိုးသည့်အတွက် တမန်နိုးရလွယ်ကူကာ ပင်ပွားကောင်းမွန်ခြင်းနှင့် စပါးအထွက်နှုန်းများ ကောင်းမွန်ကာ မျိုးစေ့နှုန်းထား ကုန်ကျမှုစရိတ်များ သက်သာစေမည့် စီဒါ အကျိုး ကျေးဇူးကြော်ငြာဆိုင်းဘုတ်ကို တက်ရောက်သောတောင်သူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကို ယနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။





**တက်ရောက်**

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌက အမျိုးသားအဆင့် ကော်မတီအနေဖြင့် ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးလုပ်ငန်းစဉ်များနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးလုပ်ငန်းစဉ်များကို ကော်မတီအဆင့်ဆင့်ဖွဲ့စည်း၍ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် အောင်မြင်မှုများ အထိုက်အလျောက်ရရှိနေပြီဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်အဆင့်ကော်မတီများ အနေဖြင့် ပြီးခဲ့သည့် ရှစ်လတာကာလ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ယခုအစည်းအဝေးတွင် ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း။

လုပ်ငန်းကော်မတီများ အနေဖြင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့များနှင့် ညှိနှိုင်းပြီး လုပ်ငန်းကော်မတီဝင် ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့များအလိုက် ရန်ပုံငွေထည့်သွင်းလျာထား၍ ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အားလုံးပူးပေါင်းပါဝင်၍ တက်ကြွစွာ ဆောင်ရွက်ခဲ့မှုကြောင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၃) ကျင်းပခဲ့ကာ ဧပြီ ၇ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ အိမ်ထောင်စု ၆၂၄၆ စု၊ လူဦးရေ ၂၄၃၇၀ တို့ကို မူလနေရာများသို့ ပြန်လည် ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ပြီး ယာယီခိုလှုံရာစခန်း/စုရပ် ၉၀ ကို ထပ်မံပိတ်သိမ်းနိုင်ခဲ့ကြောင်းနှင့် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်ခြင်းများကို အဆုံးသတ်စေနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲသော နယ်မြေ တည်ငြိမ်အေးချမ်းမှု အမြန်ရရှိနိုင်ရေးအတွက် ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နေရပ်စွန့်ခွာသူများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိစွာ၊ မှီခိုမှုကင်းစွာဖြင့် ရပ်တည်နေထိုင်သွားနိုင်ရေးအတွက် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည့် အပြင် ဒေသတွင်းရှိ လက်နက်ကိုင် ပဋိပက္ခများနှင့် လူမှုရေးပဋိပက္ခများ လျော့နည်းပပျောက်စေနိုင်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်ဖော်ဆောင်ရာ၌ များစွာ အထောက်အပံ့ဖြစ်စေကြောင်း၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့် ကော်မတီများအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ချမှတ်ထားသော မူဝါဒများ၊ အမျိုးသားအဆင့် မဟာဗျူဟာများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ လှူဒါန်းမှုများနှင့် ကူညီပံ့ပိုးမှုများကို စနစ်တကျစီမံခန့်ခွဲ၍ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများ အားလုံး အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ထိရောက်ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယာယီခိုလှုံရာ စခန်း/စုရပ်များရှိ နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှု၊ လူမှုရေးဆိုင်ရာပံ့ပိုးမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးမှု၊ မူလနေရပ်သို့ ပြန်လည်နေထိုင်သူများအတွက် လတ်တလောလိုအပ်သည်များ ထောက်ပံ့ကူညီပေးလျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားအဆင့်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့်ကော်မတီများမှ တာဝန်ရှိသူတို့က သုံးသပ် အကြံပြုချက်များကို ရှင်းလင်း ဆွေးနွေးတင်ပြကြရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် စွမ်းအင်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည်ရုံးခွဲ(စိမ်းလဲ့မေ)၌ ကျင်းပသည့် စွမ်းအင်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ဖိအားမြှင့်သဘာဝဓာတ်ငွေ့ (Compressed Natural Gas – CNG) အရောင်းဆိုင်များသို့ အပူစွမ်းအင်ထိန်းညှိဖြန့်ဖြူးပေးနိုင်ရေးနည်းပညာပိုင်းဆိုင်ရာများ၊ ရေနံချက်စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်၍ စက်သုံးဆီ အမြန်ဆုံးထုတ်လုပ်နိုင်ရေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် စက်ရုံအလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဦးစွာ အထွေထွေမန်နေဂျာက အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် CNG အရောင်းဆိုင် ၄၁ ဆိုင်မှ ဖြန့်ဖြူးရောင်းချပေးနေမှု၊ လျှပ်စစ်ဓာတ်အားပုံမှန်ရရှိပြီး အရောင်းဆိုင်များမှ စွမ်းအားပြည့်ဖြန့်ဖြူးပေးနိုင်ရေး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းနှင့် ညှိနှိုင်းဆောင်ရွက်နေမှု၊ CNG ဖြည့်တင်းမှုအတွက် Mobile Application အသုံးပြု၍ အများပြည်သူသို့ အသိပညာပေးနိုင်ရန် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ စက်ရုံအလုပ်ရုံများနှင့် CNG အရောင်းဆိုင်များသို့ သဘာဝဓာတ်ငွေ့ပြတ်လပ်မှု မရှိစေရေး ထိန်းညှိဖြန့်ဖြူးပေးနေမှု၊ ကမ်းလွန်သဘာဝဓာတ်ငွေ့နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့တို့အား အပူစွမ်းအင် ထိန်းညှိဖြန့်ဖြူးပေးနိုင်ရေး နည်းပညာပိုင်းဆိုင်ရာ ပေါင်းစပ်ဖြေရှင်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နည်းပညာအကူအညီနှင့် သဘာဝဓာတ်ငွေ့အပူစွမ်းအင် ထိန်းညှိဖြန့်ဖြူးရေးဆောင်ရွက်နေမှုကို ရေရှည်ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်၊ CNG အရောင်းဆိုင်များနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းခွင်သုံး ဖိအားထိန်းချုပ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရေးနှင့် စက်အရန်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေးဆောင်ရွက်ရန်၊ စက်ပစ္စည်းများ သက်တမ်းကြာရှည်စွာအသုံးပြုနိုင်ရေး regular maintenance နှင့် preventive maintenance ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော မိမိတို့ဝန်ကြီးဌာနလက်အောက်ရှိ ရေနံချက်စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးနှင့် အဆင့်မြှင့်တင်ကာ စက်သုံးဆီနှင့် ရေနံထွက်ပစ္စည်းများ အမြန်ဆုံးထုတ်လုပ်နိုင်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း၊ စက်ရုံပြင်ဆင်ရန် လိုအပ်ချက်အား အသေးစိတ်လေ့လာခြင်း၊ မွမ်းမံပြင်ဆင်ခြင်းတို့ကို အမြန်ဆုံးဆောင်ရွက်စေလိုကြောင်း၊ လက်ရှိစက်ရုံများ၏ အခြေခံအဆောက်အအုံများကိုအခြေခံကာ စက်သုံးဆီများ ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေ့ကျင့်သင်ကြားပေးရေးတို့ကို အသေးစိတ်အစီအမံများရေးဆွဲတင်ပြကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပိုမိုအဆင်ပြေစေရေးအတွက် သဘာဝဓာတ်ငွေ့သုံး CNG အရောင်းဆိုင်များသို့ အပူစွမ်းအင်ထိန်းညှိဖြန့်ဖြူးနိုင်ရေး နည်းပညာဆိုင်ရာကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အဖွဲ့အား ဆုများချီးမြှင့်ခဲ့သည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အကဲဖြတ်ဒိုင်အဖွဲ့များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသများနှင့် လူပုဂ္ဂိုလ်များ စသည့်လွတ်လပ်ရေး၏ အနှစ်သာရတို့ကို ပေါ်လွင်စွာ ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ယှဉ်ပြိုင်စေခြင်းဖြစ်ပါကြောင်း၊ ယခုနှစ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင် ၁၇၅ ဦးက ဓာတ်ပုံပေါင်း ၆၈၈ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း၊ နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့် ပို့စကတ်များ၊ သဝဏ်လွှာကတ်များကို ထုတ်ဝေသည့်အခါ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ အံ့ဖွယ်ကောင်းသည့် အလှအပရှုခင်းများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ဓာတ်ပုံပညာရှင်များ၊ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ရိုက်ကူးသည့် ဓာတ်ပုံများကို အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ပြိုင်ပွဲများ ပြုလုပ်ခြင်းဖြစ်ပါကြောင်း။

ထို့အပြင် ယခုပြိုင်ပွဲတွင် မျိုးဆက်သစ် လူငယ်များလည်း ဝင်ရောက်ယှဉ်ပြိုင်လာကြသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပခြင်းသည် မျိုးဆက်သစ် လူငယ်ဓာတ်ပုံပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကဲဖြတ်ပေးကြသည့် ပညာရှင်ကြီးများက ဓာတ်ပုံတစ်ပုံ၏ ရိုက်ကွင်းရိုက်ကွက်၊ အယူအဆ၊ အလင်းအမှောင်၊ ဖော်ညွှန်းသည့် အကြောင်းအရာ၊ ဓာတ်ပုံကောင်းတစ်ပုံချင်းစီ၏ အင်္ဂါရပ်များနှင့် အညီ အကြိမ်ကြိမ် စိစစ်အကဲဖြတ်ပြီး ဆုရဓာတ်ပုံများအဖြစ် ရွေးချယ်သတ်မှတ် ပေးခဲ့ကြပါကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ဆန်းသစ်သည့် အနုပညာဖန်တီးမှုများနှင့် အတူ တွေ့မြင်ရပြီး ယခုကဲ့သို့ ဆုများ ချီးမြှင့်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဓာတ်ပုံများမှတစ်ဆင့် ပြည်သူလူထုအတွင်း မိမိတို့နိုင်ငံအပေါ် တန်ဖိုးထား ဂုဏ်ယူစိတ်များ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လေးစားတန်ဖိုးထားစိတ်များ စိမ့်ဝင်ပျံ့နှံ့လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့် ဓာတ်ပုံများနှင့် ခင်းကျင်းပြသထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် ဆုရွေးချယ်စိစစ်ရေးဒိုင်အဖွဲ့ဥက္ကဋ္ဌ ဒါရိုက်တာပန်းချီစိုးမိုးက ဆုများရွေးချယ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆု(၅) ရရှိသည့် ဦးမောင်မောင်လွင်ထိုက်နှင့် အထူးဆု(၄) ရရှိသည့် ဦးကျော်မျိုးသီဟတို့အတွက် ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အထူးဆု(၃)ရရှိသည့် ဦးအောင်မင်းနှင့် အထူးဆု(၂) ရရှိသည့် ဦးထွန်းထွန်းဝင်းတို့အတွက် ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အထူးဆု(၁) ရရှိသည့် ဦးမိုးဟိန်းထွန်းနှင့် တတိယဆုရရှိသည့် ဦးဇော်မြင့်နိုင်တို့အတွက် ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဒုတိယဆုရရှိသည့် ဦးသန်းနိုင်ဦး (ငဖဲ)နှင့် ပထမဆုရရှိသည့် ဦးဝင်းတိုးတို့အတွက် ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ပထမဆုရရှိသည့် ဦးဝင်းတိုးက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့် ဓာတ်ပုံများနှင့် ခင်းကျင်းပြသထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တတိယဆုရရှိသည့် ဦးဇော်မြင့်နိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အထူးဆု(၂) ရရှိသည့် ဦးထွန်းထွန်းဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

# အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော King Foam Industrial Co.,Ltd မှ အာမခံအလုပ်သမား လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော King Foam Industrial Co.,Ltd မှ အာမခံအလုပ်သမား ဒေါ်အေမီအောင်ဝင်းသည် လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်(ငွေလုံးငွေရင်း)ထုတ်ပေးခြင်းကို ဖခင်ဖြစ်သူ ဦးအောင်ဝင်းထံသို့ ငွေကျပ် ၄၃၅၆၀၀၀ ကို အလုပ်ဌာနမှ တာဝန်ရှိသူများ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် (Mount Popa National Geopark)

**သစ်တောမောင်**



**အမျိုးသားဘူမိဥယျာဉ် (National Geopark)**

ဘူမိဥယျာဉ်(Geopark)ဆိုသည်မှာ ဘူမိအမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များ၊ လူနေမှုဓလေ့ထုံးစံများ၊ ဒေသထွက်ကုန်များ၊ ရေမြေတောတောင် သဘာဝအလှနှင့် ဒြပ်မဲ့တန်ဖိုးများကို စနစ်တကျထိန်းသိမ်းပြီး ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများ၊ ဒေသခံပြည်သူများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်လျက်ရှိသော ဒေသတစ်ခု ဖြစ်ပါသည်။ ဘူမိဆိုင်ရာ ထူးခြားသောပြကွက်များအပြင် အပန်းဖြေရေး၊ ဖျော်ဖြေရေး၊ စားသောက်နေထိုင်ရေး၊ လူမှုဆက်ဆံရေးနှင့် ပညာရပ်ဆိုင်ရာများကို လေ့လာဖြန့်ဖြူးသောနေရာလည်း ဖြစ်ပါသည်။

**ဘူမိဥယျာဉ်များ စတင်ဖြစ်ပေါ်လာပုံ**

"ဘူမိဥယျာဉ်" သဘောတရားကို ၁၉၉၁ ခုနှစ် ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သော "ဒင်း ညီလာခံ" (Digne Convention) တွင် ပထမဦးဆုံး မိတ်ဆက်တင်ပြခဲ့ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ပြင်သစ်၊ ဂရိ၊ ဂျာမနီနှင့် စပိန်နိုင်ငံတို့ ပါဝင်သော ဥရောပလေးနိုင်ငံမှ ကိုယ်စားလှယ်များတွေ့ဆုံပြီး ဘူမိအမွေအနှစ်များ ထိန်းသိမ်းခြင်းနှင့် ဘူမိခရီးသွားလုပ်ငန်းများ မြှင့်တင်ပေးခြင်းဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်နိုင်ရန် စတင်ဆွေးနွေးခဲ့ကြပြီး ဥရောပဘူမိဥယျာဉ်ကွန်ရက် (European Geopark Network) ကို တည်ထောင်ခဲ့ပါသည်။

**ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ်အစီအစဉ်**

ကမ္ဘာ့ဘူမိဥယျာဉ် (Global Geopark) အစီအစဉ်သည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (United Nations Educational, Scientific and Cultural Organization – UNESCO) ၏ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးကို ဟန်ချက်ညီညီဆောင်ရွက်သော အစီအစဉ်တစ်ခုဖြစ်ပြီး စံသတ်မှတ်ချက်များအရ ပညာရေး၊ သုတေသန၊ ခရီးသွားလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးများကိုပါ လွှမ်းခြုံသည့် အစီအစဉ်တစ်ခုလည်း ဖြစ်ပါသည်။

**❈ ယနေ့အချိန်အထိ နိုင်ငံပေါင်း ၄၈ နိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ် ၁၉၅ ခု တည်ထောင်ပြီးဖြစ်ပါသည်။ ကမ္ဘာ့ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာကွန်ရက်တို့ချိတ်ဆက်ပြီး ဘူမိဆိုင်ရာ ထူးခြားအရေးပါသောနေရာများနှင့် အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန်နှင့် ဒေသတွင်းနိုင်ငံများတွင် ဘူမိခရီးသွားလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းလည်းဖြစ်**

**❈ တရုတ်နိုင်ငံသည် ကမ္ဘာ့ဘူမိဥယျာဉ် ၄၁ ခုရှိပြီး ကမ္ဘာ့ဘူမိဥယျာဉ် အများဆုံးပိုင်ဆိုင်ထားပါသည်။ အရှေ့တောင်အာရှနိုင်ငံများအနက် အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် ကမ္ဘာ့ဘူမိဥယျာဉ်များအဖြစ် သတ်မှတ်ခံထားရသော ဘူမိဥယျာဉ်များ ရှိနေပြီဖြစ်**

ယူနက်စကို ကမ္ဘာ့ဘူမိဥယျာဉ်အစီအစဉ် (UNESCO Global Geopark) ကို ၂၀၀၁ ခုနှစ်တွင်စတင်ခဲ့ပြီး ဥရောပဘူမိဥယျာဉ်ကွန်ရက်နှင့် ယူနက်စကို (UNESCO) ပူးပေါင်းခြင်းဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ရာ ဥရောပဘူမိဥယျာဉ်ကွန်ရက်ကို ယူနက်စကို (UNESCO) ၏ လက်အောက်အဖွဲ့အစည်းအဖြစ် ထားရှိခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ယူနက်စကို (UNESCO) ဦးဆောင်သော ကမ္ဘာ့ဘူမိဥယျာဉ်ကွန်ရက် (Global Geopark Network) ကို ဖွဲ့စည်းရန် ဥရောပဘူမိဥယျာဉ် ၁၇ ခုနှင့် တရုတ်နိုင်ငံ၏ ဘူမိဥယျာဉ် ရှစ်ခုတို့ ပူးပေါင်းခဲ့ကြပါသည်။

ယနေ့အချိန်အထိ နိုင်ငံပေါင်း ၄၈ နိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ် ၁၉၅ ခု တည်ထောင်ပြီး ဖြစ်ပါသည်။ ကမ္ဘာ့ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာကွန်ရက်တို့ ချိတ်ဆက်ပြီး ဘူမိဆိုင်ရာ ထူးခြားအရေးပါသောနေရာများနှင့် အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန်နှင့် ဒေသတွင်းနိုင်ငံများတွင် ဘူမိခရီးသွားလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ဘူမိဥယျာဉ် ၄၁ ခုရှိပြီး ကမ္ဘာ့ဘူမိဥယျာဉ် အများဆုံးပိုင်ဆိုင်ထားပါသည်။ အရှေ့တောင်အာရှနိုင်ငံများအနက် အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် ကမ္ဘာ့ဘူမိဥယျာဉ်များအဖြစ် သတ်မှတ်ခံထားရသော ဘူမိဥယျာဉ်များ ရှိနေပြီဖြစ်ပါသည်။ ယူနက်စကို ကမ္ဘာ့ဘူမိဥယျာဉ်အစီအစဉ်အနေဖြင့် အာရှပစိဖိတ် ဘူမိဥယျာဉ်ကွန်ရက်၊ ဥရောပဘူမိဥယျာဉ်ကွန်ရက်၊ လက်တင်အမေရိကနှင့် ကာရေဘီယန်ဘူမိဥယျာဉ်ကွန်ရက်နှင့် အာဖရိကဘူမိဥယျာဉ်များကွန်ရက်တို့ဖွဲ့စည်းပြီး ဒေသတွင်းနိုင်ငံများချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ဘူမိဥယျာဉ် တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်**

ဘူမိဥယျာဉ်ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် တည်ထောင်ဆောင်ရွက်ကြပါသည်–

(က) ဘူမိအမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များ၊ ဘူမိသွင်ပြင်အနေအထားနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) မျိုးဆက်သစ်လူငယ်များအနေဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သုတေသနပြုရေးတို့ကို စိတ်ဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊

(ဂ) ဒေသခံလူမှုအဖွဲ့အစည်းများအကြား သာတူညီမျှညှိနှိုင်းဆောင်ရွက်သော အလေ့အကျင့်များရရှိရေး အားပေးမြှင့်တင်ရန်၊

(ဃ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်နှင့်

(င) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် ဘူမိဥယျာဉ်ဖြစ်မြောက်ရေး စတင်ဆောင်ရွက်မှုများ**

မြန်မာနိုင်ငံတွင် ပုပ္ပားတောင်အမျိုးသားဥယျာဉ်အား ယူနက်စကို အသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ် (UNESCO Global Geopark) အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ရှေးဦးစွာ အမျိုးသားဘူမိဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်ရန် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့က ၂၀၁၆ ခုနှစ်မှစပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၏ လေ့လာဆန်းစစ်မှုများအရ ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရနိုင်ရန် အလားအလာရှိသော နေရာအများအပြားရှိသည့်အနက် ပုပ္ပား၊ တွင်းတောင်၊ ပင်းတယ၊ ဖွဲကပင်တောင်၊ ခါကာဘိုရာဇီ၊ ပူတာအို၊ အင်းတော်ကြီး၊ အင်းလေး၊ မာန်အောင်ကျွန်း၊ ဘီလူးကျွန်း စသည့် ဒေသများသည် အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရနိုင်သည့် ထူးခြားသော လက္ခဏာများစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါနေရာဒေသများအနက် ပုပ္ပားဒေသသည် အလားအလာရှိဆုံး ဒေသဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားဘူမိဥယျာဉ်ဖြစ်လာရန် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

**ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ပေါ်ပေါက်ရေး ဆောင်ရွက်မှုများ**

ယူနက်စကို အသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် အမည်စာရင်းမတင်သွင်းမီ နိုင်ငံအဆင့် ဘူမိဥယျာဉ်အဖြစ် ဦးစွာသတ်မှတ်ရန်ဖြစ်သဖြင့် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် ဖြစ်မြောက်ရေးကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဘူမိဥယျာဉ်များ စနစ်တကျ သတ်မှတ်တည်ထောင်ရာတွင် မူဝါဒဆိုင်ရာလုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် လမ်းညွှန်ကြီးကြပ်ညှိနှိုင်းမှုများပြုနိုင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သော အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီကို ဖွဲ့စည်းထားပါသည်။ ထို့အပြင် ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်နှင့် လုပ်ငန်းများကို ကြီးကြပ်နိုင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများက ဥက္ကဋ္ဌအဖြစ်ဦးဆောင်သော ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဘူမိဥယျာဉ်ဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားပါသည်။ မြို့နယ်အဆင့်အနေဖြင့်လည်း ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာလူထုတို့ပါဝင်သော ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ဆိုင်ရာ မြို့နယ်အဆင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းထားပြီး ဘူမိအမွေအနှစ်များ ရေရှည်တည်တံ့စေရေးနှင့် ဒေသခံများကို အကျိုးပြုစေသော ဘူမိအခြေခံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပုပ္ပားတောင်ဒေသကို ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေးအတွက် အရေးကြီးသော အဆင့်တစ်ခုဖြစ်သည့် အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၆–၁၂–၂၀၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၃) ဖြင့် အောင်မြင်စွာ ဖွဲ့စည်းသတ်မှတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

**အမွေအနှစ်များ စုံလင်သော ပုပ္ပားဒေသ**

ပုပ္ပားတောင်အမျိုးသားဥယျာဉ်အပါအဝင် ပုပ္ပားဒေသသည် ရှေးနှစ်သန်းပေါင်းများစွာက ပေါက်ကွဲခဲ့သော မီးတောင်ဟောင်းတစ်ခုဖြစ်ပြီး အပူပိုင်းဒေသ၏ စုံလင်လှသော သစ်ပင်ပန်းမန်များနှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများကို ထောက်ပံ့ပေးပြီး ထူးခြားသောဂေဟစနစ်များ တည်ရှိရာနေရာလည်း ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ☆





☆ စာမျက်နှာ ၁၀ မှ

ထူးခြားသည့် ဂေဟစနစ်များပိုင်ဆိုင်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အိုအေစစ် (Oasis) ဟု တင်စားခေါ်ဝေါ်ကြသော ပုပ္ပားတောင်ဒေသကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် သစ်တောဦးစီးဌာနက ၁၉၈၉ ခုနှစ်တွင် ဧရိယာ ၃၁၇၆၃ ဒသမ ၂၀ ဧကကို ပုပ္ပားတောင်ဥယျာဉ်အဖြစ် ဖွဲ့စည်းသတ်မှတ်ခဲ့ပါသည်။ ပုပ္ပားတောင်ဥယျာဉ်အတွင်း နို့တိုက်သတ္တဝါမျိုးစိတ် ၂၆ မျိုး၊ ငှက်မျိုးစိတ် ၁၈၅ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၂၃ မျိုး၊ ကုန်းနေရေနေသတ္တဝါ ခုနစ်မျိုးနဲ့ လိပ်ပြာမျိုးစိတ် ၁၁၂ မျိုးတို့ကို တွေ့ရှိနိုင်ပါသည်။ ပုပ္ပားတောင်ဥယျာဉ်တွင် တောင်ပေါ်အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှောတော၊ တောခြောက်၊ အင်တိုင်းတော၊ သန်း – ဒဟတ်တောနှင့် မြက်ခင်းတောများ ပေါက်ရောက်ပြီး အပင်မျိုးစိတ်ပေါင်း ၃၀၀ ကျော်ကို မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်ဖြစ်သည့် ပုပ္ပားမျောက်မြီးရှည် (Popa Langur)ကို မြန်မာနိုင်ငံ ပုပ္ပားဒေသတွင်သာ တွေ့နိုင်ပါတယ်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဒေသရင်း ငှက်မျိုးစိတ်များဖြစ်သော နဖားကြူးအမြီးဝိုင်း၊ စွေ့၊ ချိုးလင်းပြာ၊ ဗွတ်မွဲ၊ ဘီလုံး အစရှိသည့် ငှက်မျိုးစိတ်များကိုလည်း တွေ့မြင်နိုင်ပါသည်။

ပုပ္ပားဒေသသည် အထက်ဖော်ပြပါ သဘာဝအမွေအနှစ်များအပြင် အစွယ်နှစ်ထပ်ဆင်၏ ကျောက်ဖြစ်ရုပ်ကြွင်းမေးရိုးအပါအဝင် ထူးခြားသော ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ပုဂံခေတ် သံရည်ကျိုမီးဖိုများ၊ ဇီဝမျိုးစုံမျိုးကွဲများ အစရှိသော ရှေးဟောင်းယဉ်ကျေးမှု ရိုးရာဓလေ့နှင့် ဘူမိဗေဒဆိုင်ရာ အမွေအနှစ်များလည်း ပေါကြွယ်ဝသောနေရာတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်များ၊ အင်ကြင်းကျောက်အပါအဝင် ကျောက်အမျိုးအစားအစုံအလင်နှင့် ခေတ်ကာလအလိုက် သမိုင်းကြောင်းဖြစ်တည်မှုများကိုပါ တစ်နေရာတည်းတွင် လေ့လာနိုင်သော နေရာတစ်ခုဖြစ်ပါသည်။

**ပုပ္ပားဒေသရှိ ဘူမိနယ်မြေ (Geosite) များ**

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း သစ်တောဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိသည့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ဧရိယာများတွင် တည်ရှိပါသည်။ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကွင်းဆင်းစစ်ဆေးမှုများအရ ဘူမိနယ်မြေ (Geosite)နေရာပေါင်း ၁၀၀ ကျော်ရှိပြီး ကနဦးအနေဖြင့် သစ်တောဦးစီးဌာန၏ စီမံအုပ်ချုပ်မှုနယ်မြေအတွင်း ကျရောက်သည့် အဆိုပါ ဘူမိနယ်မြေ (Geosite) ၁၅ နေရာဖြင့် စတင်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

အဆိုပါ ဘူမိနယ်မြေ ၁၅ နေရာမှာ –

၁။ ပုပ္ပားတောင်ထိပ်၊

၂။ မီးတောင်ပြာကျောက်၊

၃။ ဧရာဝတီသဲကျောက် လွှာထပ်မှုအနေအထား၊

၄။ သုံးထပ်ကွေ့ မီးတောင်ကျိုးပွဲ့စာကျောက်များ၊

၅။ ဧရာဝတီကျောက်လွှာစု၊

၆။ တောင်နီတောင်ချယ်ဆီဒိုနီနှင့် မြေစေးတွင်းထွက်များ၊

၇။ ပရဆေးဥယျာဉ်နှင့် ပညာပေးပြခန်း၊

၈။ စန္ဒကူးတောနှင့် မြန်မာ့ရွှေသမင်ခြံ၊

၉။ ငှက်သိုက်ချောက်ကမ်းပါး၊

၁၀။ ကုန်းပြင်မြင့်ချော်လွှာရှုခင်းသာ၊

၁၁။ ဗဆော့ဆန်သောချော်ရည်စီးကြောင်း၊

၁၂။ တောင်ပေါ်ရွာ(တောင်) ရှုခင်းသာ၊

၁၃။ ပုပ္ပားတောင်ကလပ် အင်ကြင်းကျောက်များ၊

၁၄။ တောင်နားတောင် ရှုခင်းသာ၊

၁၅။ ပုပ္ပားတောင်မကြီးမီးတောင်ဝနှင့် ဂဲမိုးအိုင်တို့ ဖြစ်ပါသည်။

ဘူမိနယ်မြေ(Geosite)များသည် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ ကျွမ်းကျင်ပညာရှင်များက စနစ်တကျ ကွင်းဆင်းလေ့လာဖော်ထုတ်ပြီး ရွေးချယ်ထားသည့် နေရာများဖြစ်ခြင်းကြောင့် ဘူမိဗေဒဆိုင်ရာအပြင် ထိန်းသိမ်းရေးဆိုင်ရာအနေဖြင့်လည်း ထူးခြားသောနေရာများ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဘူမိအမွေအနှစ်များ၊ သဘာဝအလှ၊ သစ်ပင်ပန်းမန်၊ တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်သာရကာများကို လေ့လာရှုမြင်နိုင်ပြီး အတိတ်ပထဝီဝင်၊ သမိုင်းကြောင်းနှင့် ရာသီဥတုအခြေအနေများကိုပါ လေ့လာဆန်းစစ်နိုင်သော နေရာတစ်ခုဟု ဆိုနိုင်ပါသည်။

**အကျိုးကျေးဇူးများ**

အမျိုးသားအဆင့်နှင့် ကမ္ဘာ့အဆင့်ဘူမိဥယျာဉ်များ သတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်သည် မိမိတို့နိုင်ငံ၏ ထူးခြားထင်ရှားသော သဘာဝအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရာတွင် အထောက်အကူပြုနိုင်ရုံသာမက မြန်မာနိုင်ငံ၏ သဘာဝသယံဇာတကြွယ်ဝမှုနှင့် ယဉ်ကျေးမှု သမိုင်းအမွေအနှစ်အကြောင်းများကို တင်ပြနိုင်မည်ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ပိုမိုသိရှိလာစေနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဘူမိဥယျာဉ်အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် မိမိတို့ရပ်ရွာအပေါ် ပိုမိုဂုဏ်ယူဝင့်ကြွားလာနိုင်ပြီး သဘာဝသယံဇာတနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရန် အသိအမြင်များ ပိုမိုနိုးကြားလာစေမည်ဖြစ်ပါသည်။ အမျိုးသားအဆင့်နှင့် ကမ္ဘာ့အဆင့်ဘူမိဥယျာဉ်များ သတ်မှတ်ခြင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ဒေသခံများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည် ဖြစ်ပါသည်။

ပုပ္ပားတောင်အမျိုးသားဥယျာဉ်နှင့် ပုပ္ပားဒေသသည် မြန်မာနိုင်ငံတွင် ပြည်ပခရီးသွားများ အများဆုံးလာရောက်ကြသည့် နေရာများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်တစ်ခုဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် နီးကပ်စွာတည်ရှိသည့်အတွက် ပုဂံနှင့်ဆက်စပ်ပြီး ပုပ္ပားဒေသကိုလည်း ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်သည့် အလားအလာများစွာရှိပါသည်။ ပုပ္ပားဒေသကို ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်နိုင်မည်ဆိုပါက ပုပ္ပားဒေသတွင် Geotourism ဟုခေါ်ဆိုသော ဘူမိခရီးသွားလုပ်ငန်း ပေါ်ပေါက်လာမည်ဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို ထပ်မံရရှိစေမည်ဖြစ်ပါသည်။

**သဘာဝအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်း**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်းရှိ သဘာဝသယံဇာတအမွေအနှစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် စနစ်တကျ အသုံးပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး သဘာဝအမွေအနှစ်များဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များနှင့် ထူးခြားသည့် ဘူမိသွင်ပြင်ရှိသည့် နေရာဒေသများကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ရာတွင် နိုင်ငံအဆင့်သာမက ဒေသတွင်းနှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ စီမံအုပ်ချုပ်နိုင်စေရန်၊ နည်းပညာနှင့် ရန်ပုံငွေအထောက်အပံ့များ ရရှိနိုင်စေရန်နှင့် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတကာနှင့် ဒေသအဆင့်အသိအမှတ်ပြု သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် အဆင့်တိုးမြှင့်တည်ထောင်နိုင်ရေး၊ သတ်မှတ်ခံရရေး ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ယနေ့အချိန်အထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်းကို ဖွဲ့စည်းသတ်မှတ်နိုင်ခဲ့ပြီး ရေရှည်မျှော်မှန်းချက် ပြည့်မီနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင်းကြိုးပမ်းမှုအဖြစ် အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) ရှစ်ခု၊ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်အစီအစဉ်တစ်ခုဖြစ်သော လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve – MAB)နှစ်ခု၊ နိုင်ငံတကာအဆင့် ရမ်ဆာရေဝပ်ဒေသ (Ramsar Site) ခြောက်ခုနှင့် ဩစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေ (East Asian–Australasian Flyway Network Site) ရှစ်ခုတို့ကို အသိအမှတ်ပြုခံထားပြီးဖြစ်ပါသည်။

**အမျိုးသားဘူမိဥယျာဉ် (National Geopark) မှသည် ယူနက်စကို ကမ္ဘာ့ဘူမိဥယျာဉ် (UNESCO Global Geopark)**

ကမ္ဘာ့ဘူမိဥယျာဉ်များ၏ အနှစ်သာရသည် ကျယ်ပြန့်သော နယ်မြေတစ်ခုကို လွှမ်းခြုံပြီး ထိန်းသိမ်းကာကွယ်မှု၊ သိမြင်နိုးကြားလာစေမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဟူသည့် မဏ္ဍိုင်သုံးခုအပေါ် အခြေခံထားပါသည်။ တစ်နည်းအားဖြင့် ကမ္ဘာ့ဘူမိဥယျာဉ်များသည် သဘာဝအမွေအနှစ်များအပြင် ယဉ်ကျေးမှုအမွေအနှစ်လက္ခဏာအားလုံးနှင့်ဆက်စပ်နေပြီး ဘူမိဖြစ်စဉ်များ၊ ဘူမိအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝသယံဇာတများ စဉ်ဆက်မပြတ်စီမံအုပ်ချုပ်မှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ဆက်စပ်နေသည့် နေရာဒေသလည်းဖြစ်ပါသည်။ ကမ္ဘာ့ဘူမိဥယျာဉ်များသည် ဒေသ၏ ဘူမိအရင်းအမြစ်များအား ကာကွယ်ထိန်းသိမ်းခြင်းဖြစ်သကဲ့သို့ ဘူမိဥယျာဉ်အတွင်းမှာရှိသော ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအကြား အဓိကစီးပွားရေးလုပ်ငန်းမဏ္ဍိုင်အဖြစ် ပေါင်းကူးပေးသော အစီအစဉ်လည်းဖြစ်ပါသည်။ ဒေသခံပြည်သူများအတွက် လူမှုစီးပွားရေးလိုအပ်ချက်များ၊ ဒေသခံစီးပွားရေးလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဘူမိခရီးသွားလုပ်ငန်း စသောလုပ်ငန်းများမှ အကျိုးအမြတ်များကို မျှဝေခံစားနိုင်ကြမည်ဖြစ်ပါသည်။

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်သည် ကမ္ဘာ့အဆင့် ထူးခြားသော အမွေအနှစ်နှင့် သမိုင်းကြောင်းများ ပိုင်ဆိုင်ထားသည့်နေရာဖြစ်ပါသည်။ ကမ္ဘာ့အဆင့် ရှားပါးသောတောရိုင်းတိရစ္ဆာန် အပါအဝင် ကြွယ်ဝသည့် ဇီဝမျိုးစုံမျိုးကွဲများ၊ ထင်ရှားကျော်ကြားသည့် သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ လှပသောရှုခင်းများနှင့် အဖိုးတန် ဘူမိအမွေအနှစ်များ များစွာကိန်းအောင်းနေသော တန်ဖိုးမဖြတ်နိုင်သည့် နေရာဒေသတစ်ခုဖြစ်ပါသည်။ ဆန်းကြယ်သော အလှတရားနှင့် အမွေအနှစ်များကို ယူနက်စကိုအသိအမှတ်ပြု ဘူမိဥယျာဉ်အနေဖြင့် ပေါ်ထွန်းလာပါက နိုင်ငံ၏ဂုဏ်ပုဒ်ကို မြှင့်တင်နိုင်ပြီး ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုမည်ဖြစ်ပါသည်။

ထို့ကြောင့် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို အမျိုးသားအဆင့်မှသည် ကမ္ဘာ့အဆင့်တက်လှမ်းနိုင်ဖို့ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်စေရန်အတွက် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရပ်နှင့် သုတေသနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့ဟု ဖိတ်ခေါ်ရင်း မြန်မာနိုင်ငံ၏ ပထမဆုံးသော ဘူမိဥယျာဉ်ဖြစ်သည့် **ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် (Mount Popa National Park)** သတ်မှတ်ဖွဲ့စည်းခြင်းကို ဂုဏ်ပြုဖော်ပြလိုက်ပါသည်။ ။

# နိုင်ငံတော်အနေဖြင့် ကော်ဖီလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ သီးခြားလွတ်လပ်သော ပညာရှင်အဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော စီမံကိန်းနှစ်ခုဖြစ်သည့် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာငွေကြေး သုံးစွဲရာ၌ မှန်ကန်မှုရှိစေရေး၊ စက်ရုံ၏ နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များ၊ လိုအပ်ချက်များကို စနစ်တကျစိစစ်ပေးနိုင်ရေး၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များအပေါ် လိုအပ်ချက်များကို စိစစ်၍ ပံ့ပိုးကူညီပေးရေး၊ စက်ရုံရှိ စက်ပစ္စည်းကိရိယာများအား စက်ရုံရှိဝန်ထမ်းများ၊ ပြည်တွင်းပညာရှင်များစုပေါင်း၍ ပြင်ဆင်ထားရှိမှုအခြေအနေများကို ပြည်ပကျွမ်းကျင်ပညာရှင်များအဖွဲ့က လာရောက်စစ်ဆေးခဲ့မှုနှင့်ပတ်သက်၍ အကြံပြုပေးနိုင်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဟိုပုံးမြို့ရှိ Coffee Neo စက်ရုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးခွန်သိမ်းမောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို အသင်းအဖွဲ့များမှတစ်ဆင့် တင်ပြဆောင်ရွက်နိုင်သလို တာဝန်ရှိသူများ လာရောက်တွေ့ဆုံချိန်များတွင်လည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြပေးစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ ဖွံ့ဖြိုးတိုးတက်အောင် ပြည်နယ်အစိုးရအနေဖြင့် အစွမ်းကုန်ကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Coffee Neo လုပ်ငန်း၊ နောင်ခမ်းကော်ဖီလုပ်ငန်း၊ Green Gold ကော်ဖီလုပ်ငန်း၊ Indigo Mountain ကော်ဖီလုပ်ငန်းတို့မှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်စဉ် တွေ့ကြုံနေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး Coffee Neo စက်ရုံအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို လိုက်လံအားပေးကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ဝန်ထမ်းများ ရုံးလုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ကွန်ပျူတာအခြေခံသင်တန်းနှင့် အကြီးတန်းစာရေး၊ အငယ်တန်းစာရေးရုံးလုပ်ငန်း(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)တွင် ကွန်ပျူတာအခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၂၃)နှင့် အကြီးတန်းစာရေး၊ အငယ်တန်းစာရေး ရုံးလုပ်ငန်း(မွမ်းမံ) သင်တန်းအမှတ်စဉ်(၂/၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနကြီးမှူးများ၊ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) ကျောင်းအုပ်ကြီးနှင့် သင်တန်း ဆရာဆရာမများ၊ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)သည် ဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများကို ဝန်ထမ်းအရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများ ပို့ချသင်ကြားပေးသည့် တစ်ခုတည်းသော သင်တန်းကျောင်းဖြစ်ပြီး နိုင်ငံတော်အတွက် ကာလတို၊ ကာလရှည် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအရေးပါသည့် အခန်းကဏ္ဍဖြစ်၍ တိုးတက်မြင့်မားလာသော နည်းပညာအချက်အလက်များကို ခေတ်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ပေးနိုင်ရေး စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊



သင်တန်းကျောင်းသို့ တက်ရောက်သင်ကြားနေသည့် သင်တန်းသားသင်တန်းသူများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်၊ လူ့ကျင့်ဝတ်များကို နားလည်သိရှိပြီး စည်းကမ်းရှိသော ဝန်ထမ်းကောင်းများဖြစ်လာအောင် လေ့ကျင့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သင်တန်းသားများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ မိမိတို့ဌာနက ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရင်း နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင်ကျင့်ကြံကြိုးစားအားထုတ်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကာ ကိုယ်စီကျရာတာဝန်များကို ကြိုးစားထမ်းဆောင်ခြင်းဖြင့် မိမိကိုယ်တိုင်နှင့် ဌာန၏ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားပြီး သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့ညနေပိုင်းတွင် ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် Orchard Co.,Ltd. ၏ ငါးကျည်း၊ ငါးတန်၊ ငါးမြစ်ချင်းများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေလုပ်သားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားစေရေး၊ ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရေး၊ ငါးဖမ်းထုတ်လုပ်မှုသာမက မွေးမြူထုတ်လုပ်ရေးကို အလေးပေး ဆောင်ရွက်ရန်၊



မွေးမြူထုတ်လုပ်သူများ အနေဖြင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)များ နှင့်အညီ ထုတ်ကုန်အရည်အသွေး မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားပြီး ငါးမွေးမြူထားရှိမှုနှင့် နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခတ္တိယကျေးရွာတွင် ဝါဝါဝင်း ကုမ္ပဏီလီမိတက်က လုပ်ကိုင်လျက်ရှိသည့် နို့စားနွား မွေးမြူရေးလုပ်ငန်း၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးမှာကြား**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပန်းတနော်မြို့နယ် GLOBAL EARTH ကုမ္ပဏီ ငါးမွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ထူးထက်ဟန်ကုမ္ပဏီလီမိတက်၏ CP အသားတိုးဝက်မွေးမြူရေး လုပ်ငန်း ဆောင်ရွက်နေမှု၊ ဈေးကွက်သို့ တင်ပို့ရောင်းချနေမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးခြံ ၁၂ ခြံ တိုးချဲ့ပြီး အကောင်ရေ ၇၈၀၀ တိုးချဲ့မွေးမြူမည့် အစီအစဉ်များကို ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးသည် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး/ခရိုင်အဆင့်တာဝန်ရှိသူများ၊ ဝန်ထမ်းအိမ်ရာစီမံခန့်ခွဲရေးအဖွဲ့များနှင့် တွေ့ဆုံ၍ လက်ရှိနေထိုင်သည့် ဝန်ထမ်းအင်အား၊ ပြုပြင်ရမည့် အိမ်ရာများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ် နိုင်ငံတကာခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်

**နေပြည်တော်  ဒီဇင်ဘာ  ၁၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စိန့်ပီတာစဘတ်အစိုးရ ပြည်ပဆက်ဆံရေးကော်မတီ၊ စိန့်ပီတာစဘတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိန့်ပီတာစဘတ် ကွန်ဗင်းရှင်းဗျူရို၊ ရော့စ်ကွန်ဂရက်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့က ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ပူးပေါင်းစီစဉ်ကျင်းပသည့် စိန့်ပီတာစဘတ် နိုင်ငံတကာခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်နိုင်ရန် ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ စိန့်ပီတာစဘတ်မြို့သို့ ထွက်ခွာခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့သို့ ဒီဇင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ရောက်ရှိခဲ့ပြီး ဒီဇင်ဘာ၁၃ ရက်၌ စိန့်ပီတာစဘတ် Business ဟိုတယ်တွင် Russia Friendly: Inbound Tourism in a multipolar world ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် ဆွေးနွေးပွဲသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရုရှားနိုင်ငံနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံသို့ ရုရှားခရီးသွားများ ပိုမိုတိုးတက်လာရောက်ရေး Welcome Russia Program in Myanmar ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ ထို့ပြင် တက်ရောက်လာကြသည့် စပိန်၊ ဂျော်ဒန်၊ အိန္ဒိယ၊ ယူအေအီး၊ ကာတာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက နိုင်ငံတကာနှင့်ဒေသတွင်း စီမံကိန်းဖော်ဆောင်မှုများ၊ ဗီဇာ၊ ငွေကြေးစနစ်များနှင့် ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက်တွင် Four Seasons Hotel ၌ ကျင်းပသည့် Plenary session တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ပြည်ဝင်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုရလဒ်များနှင့် အနာဂတ်အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း ဆွေးနွေးပွဲနှင့် နိုင်ငံတော်ဦးစားပေးလုပ်ငန်းအစီအစဉ်များအရ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်သည့် ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေမြေတောတောင် သဘာဝအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝပြီး တစ်နှစ်ပတ်လုံး ခရီးသွားလာနိုင်ကာ ခရီးသွားလုပ်ငန်းအမျိုးအစားပေါင်းစုံကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ တဖြည်းဖြည်းတိုးတက်ဝင်ရောက်လာလျက်ရှိပြီး ထိုင်း၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ ခရီးသွားများ အများဆုံးလာရောက်ခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ အိန္ဒိယနှင့် ရုရှားကဲ့သို့ မိတ်ဖက်နိုင်ငံများမှ ခရီးသွားများ လာရောက်လည်ပတ်နိုင်ရေး မျှော်မှန်းထားပါကြောင်း၊ ခရီးသွားလုပ်ငန်းအတွက်လေကြောင်းချိတ်ဆက်မှုမှာ အရေးကြီးပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းပျံသန်းမှုများလည်း ရှိလာပါကြောင်း၊ ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် ပြည်ဝင်ဗီဇာဖြေလျှော့ပေးမှုများ၊ ကြိုဆိုရေးအစီအစဉ်များနှင့် မြှင့်တင်ကြော်ငြာရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-ရုရှားခရီးသွားလုပ်ငန်း ဖိုရမ်ကျင်းပနိုင်ရေးအတွက် စိန့်ပီတာစဘတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ နှစ်နိုင်ငံအစိုးရချင်း၊ ပုဂ္ဂလိကချင်း နီးကပ်စွာလက်တွဲဆောင်ရွက်သွားလိုပါကြောင်း ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေး ဗီဒီယိုဖိုင်ကို ပြသခဲ့သည်။

ယင်းနေ့ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ အစည်းအဝေးများ၊ ပြပွဲများကျင်းပခြင်းဆိုင်ရာ မိုက်စ်(MICE)ဆု ပေးပွဲချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဒီဇင်ဘာ ၁၅ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် The State Heritage Museum သို့ သွားရောက်လေ့လာခဲ့ပြီး မွန်းလွဲပိုင်းတွင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ရုံး စမွန်နီဟော (Smolny Hall)၌ စိန့်ပီတာစဘတ်အစိုးရ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဗီချေစလပ်ကော်ဂါနော့ဗ် (Mr. Vyacheslav Kalganov)၊ စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စ နာနာဂဗီချီယာ (Ms. Nana Gvichia) တို့ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ အကောင်အထည်ဖော်ဆောင်ရန် ကိစ္စရပ်များ၊ မြန်မာ-ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ရေးနှင့် အပြန်အလှန် လာရောက်လည်ပတ်မှုများ တိုးတက်လာစေရေး၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ရုရှားနိုင်ငံမှ အကူအညီပေးရေး၊ ဆောင်ရွက်ဆဲဖြစ်သည့် မြန်မာ-စိန့်ပီတာစဘတ် virtual forum ကို မကြာမီကာလအတွင်း ဆောင်ရွက်နိုင်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအချင်းချင်းချိတ်ဆက်၍ tourist package များ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်တွင် စိန့်ပီတာစဘတ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါဖိုရမ်သည် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများ၏ ရလဒ်များကို ဆွေးနွေးသုံးသပ်၍ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များရေးဆွဲရန် အဓိကကျသော အစိုးရပိုင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စကြိုကြီးတစ်ခုအဖြစ် သတ်မှတ်ထား၍ ကျင်းပသော ခရီးသွားလုပ်ငန်းဖိုရမ်တစ်ရပ်ဖြစ်ပြီး အဆိုပါဖိုရမ်သို့ နိုင်ငံပေါင်း ၄၀ ကျော်မှ လူဦးရေ ၁၀၀၀ ကျော် တက်ရောက်ကြကာ ကမ္ဘာအနှံ့မှ အောင်မြင်သည့် ခရီးသွားလုပ်ငန်း အလေ့အကျင့်ကောင်းများနှင့် အမျိုးသားစီမံကိန်းများနှင့်ပတ်သက်၍ အတွေ့အကြုံများကို မျှဝေနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယခုနှစ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်သို့ မြန်မာပြည်တွင်းမှ ခရီးသွား တစ်သောင်းကျော် သွားရောက်

**ရန်ကုန်  ဒီဇင်ဘာ  ၁၈**

ယခုနှစ်အတွင်း ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်သို့ မြန်မာပြည်တွင်း ခရီးသွားတစ်သောင်းကျော် သွားရောက်ခဲ့ကြကြောင်း ဗုဒ္ဓဂယာသို့ ဘုရားဖူးပို့ဆောင်ပေးနေသည့် ခရီးသွားအေဂျင်စီတစ်ခုမှ သိရသည်။

"၂၀၂၂ တုန်းကတော့ ကိုဗစ်အပြီးမှာ သိပ်မသွားဖြစ်ကြဘူး။ ပုံမှန်ကတော့ ကိုဗစ်မဖြစ်ခင်တုန်းက ခရီးသွားသုံးသောင်းခွဲကနေ ငါးသောင်းရှိတယ်။ ကိုဗစ်ဖြစ်ပြီးနှစ်တွေမှာလည်း တစ်သောင်းခွဲလောက်တော့ သွားကြတယ်။ ဒီနှစ်လည်း တစ်သောင်းကျော်လောက်သွားကြတယ်" ဟု ခရီးသွားများအား ဗုဒ္ဓဂယာသို့ ပို့ပေးသည့် ပြည်တွင်း ခရီးသွားအေဂျင်စီတစ်ခုမှ မဖြူမာကိုက ပြောသည်။

ဗုဒ္ဓဂယာသည် အိန္ဒိယနိုင်ငံ ဗီဟားပြည်နယ်တွင်တည်ရှိပြီး အိန္ဒိယပြည်ထောင်စုအစိုးရက ဗုဒ္ဓဂါယာကို ၁၉၄၉ ခုနှစ် ဘုရားကျောင်းကန်အက်ဥပဒေအရ ၁၉၅၃ ခုနှစ် မေလ ၂၈ ရက်နေ့မှစ၍ အုပ်ချုပ်ရေးအဖွဲ့ဖြင့် အုပ်ချုပ်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ခရီးသွားများသည် ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊ သင်္ကဿနဂိုရ်၊ အာဂရာ (တပ်ချ်မဟာ+ခံတပ်)၊ နယူးဒေလီ၊ ခတ်တော်တိုက်၊ Akshardham Temple၊ သာဝတ္ထိ၊ ကပိလဝတ်၊ လုံမ္ဗိနီ၊ ကုသိနာရုံ၊ ဝေသာလီ စသည့်နေရာများသို့ သွားရောက်ကြကြောင်း သိရသည်။

**သစ်တော်**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကော့သောင်းမြို့နယ်အတွင်း EID စနစ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ ကြည့်ရှုအားပေး

**ကော့သောင်း  ဒီဇင်ဘာ  ၁၈**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ရုံးနှင့် မြို့နယ်ရုံးများတွင် EID စနစ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် လာရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် EID လုပ်ငန်းများ ဖြစ်သည့် နိုင်ငံသားမှတ်ပုံတင်နံပါတ် ရှိသူများနှင့် အိမ်ထောင်စု မရှိသူများအား ရှာဖွေ ဖြည့်သွင်းခြင်းလုပ်ငန်း၊ အသက်(၁၆-၁၈) ကြားနှင့် ၁၈ နှစ်အထက် မှတ်ပုံတင်နံပါတ်ရှိသူများအား ရှာဖွေ စာရင်းသွင်းခြင်း၊ အသက် ၁၈ နှစ်အထက် လူဦးရေစာရင်း ရေးသွင်းခြင်းလုပ်ငန်း၊ နိုင်-၄ အတည်ပြုခြင်းလုပ်ငန်းနှင့် အိမ်ထောင်စုစာရင်း စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် EID လုပ်ငန်း ဆောင်ရွက်နေကြသော သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများနှင့် တာဝန်ယူဆောင်ရွက်နေသူများအား လိုက်လံအားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) နှစ်တန်ကျော်၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ကီလို ၈၀၀ နှင့်အတူ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) နှစ်တန်ကျော်၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ကီလို ၈၀၀ နှင့်အတူ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် ရန်နိုင်စိုး(ခ) ရန်နိုင် မောင်းနှင်ပြီး မအိအိခင်(ခ)မအိနှင့် မမေဦးကိုကို(ခ)မေဦးကြည်လင်တို့ လိုက်ပါလာသည့် ALPHARD ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၆၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဒီဇင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁)ရပ်ကွက် ပုလဲလမ်းတွင် သိမ်းဆည်းရမိ အိုက်စ်များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် AA အဖွဲ့မှ ဒုဗိုလ်အဆင့်ရှိ နေလင်းထွန်း(ခ)နောနော်(ခ)ကျော်စိုးနှင့် ဒုဗိုလ်အဆင့်ရှိ စိုးထွန်းတို့ကို ALPHARD ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် (၁)ရပ်ကွက် ကနောင်မင်းသားကြီးလမ်းရှိ ဂိုဒေါင်တွင် AA အဖွဲ့မှ ဗိုလ်အဆင့်ရှိ ထွန်းလင်း(ခ)ပြုံးချို အား အိုက်စ် ၈၆၅ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ ည ၇ နာရီတွင် ဇော်မင်းထွေး(ခ)သန်းဝင်းနှင့် မသင်းမြတ်ဆွေ(ခ) ရင်ရင်လှတို့ကို အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်းဆည်းရမိ အိုက်စ်များကို ရန်ကုန်မြို့တွင် လက်ခံ၍ပြည်ပသို့ ရေကြောင်းမှ သယ်ဆောင်ရာတွင် စီမံခန့်ခွဲသူ သားကြီး(ခ) ဦးလှဝင်းအား တောင်ငူမြို့ အမှတ်(၁၁)ရပ်ကွက်ရှိ ဟိုတယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီးနောက် စစ်ဆေးချက်အရ ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် မေတ္တာလမ်းတွင် ၎င်းပိုင်ဆိုင်သည့် CANTER BOX ယာဉ်ပေါ်မှ အိုက်စ် ကီလို ၁၁၄၀၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ကီလို ၈၀၀ ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ကမာရွတ်မြို့နယ် ဆင်မလိုက်သဘောင်္ကျင်း၌ စိုးပိုင်(ခ) စိုးစိုး၊ ဌေးလင်းဇော်၊ ကျော်ဌေးစိုး၊ AA အဖွဲ့မှ တပ်ကြပ်ကြီးအဆင့်ရှိ ဦးကျော်ဟန်၊ တပ်သားအဆင့်ရှိ ကျော်လင်းဆန်းနှင့် တပ်သားအဆင့်ရှိ ဦးထွန်းနုတို့ ခြောက် ဦးကို ပြည်ပသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် မူးယစ်ဆေးဝါးများသယ်ဆောင်သည့် တနင်္သာရီ(၁) အမည်ရှိ သံခွံကုန်တင်သင်္ဘောတစ်စင်းနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ၂ ဒသမ ၀၇ တန် ကို မူးယစ်မှောင်ခိုဂိုဏ်းဖွဲ့၍ ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းနှင့် စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်ရာတွင်အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများကို ရှမ်းပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများအား AA အဖွဲ့မှ ဗိုလ်မှူးကြီးအဆင့်ရှိသူ ကျော်မြတ်ဦး(ခ) သားသား(ခ)ဝေသာထွန်း၏ ဦးစီးစီမံခန့်ခွဲမှုဖြင့် သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် ကျွန်းသစ်၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာဒီဇင်ဘာ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ စက်သုံးဆီ သယ်ဆောင်ခွင့်မျှောစာ တင်ပြနိုင်ခြင်း မရှိသည့် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ သယ်ဆောင်လာသည့် Isuzu Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ မန္တလေးမြို့အဝင် မြစ်ငယ်တံတားအနီး၌ ယာဉ် တစ်စီးပေါ်မှ စက်သုံးဆီသယ်ဆောင်ခွင့် မျှောစာ တင်ပြနိုင်ခြင်း မရှိသည့် စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ဂါလန် ၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဖရဲကျွန်းကျေးရွာ မိုင်တိုင်အမှတ်(၃၅၈/၄)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီ ဒီဇယ်ဆီ ၉၆၉ ဂါလန်အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၇၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၈၇၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အပြင် ဒီဇင်ဘာ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် UNICO POE Switch ၁၀ ခု၊ Holy Stone Drone (Used) တစ်ခုအပါအဝင် ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၀၂၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၈၅၈၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၈ ရက်တို့တွင် သိမ်ဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၈၆၈၅၈၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"တူယှဉ်ဆင်နွှဲ ခရစ္စမတ်ပွဲ"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

**ဆွေးနွေးတင်ဆက်မည်**

အလားတူလာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အသွင်မတူ ဒလန်ဟူ၍ အကြမ်းဖက် သတ်ဖြတ်ကြသူများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ




## မော်လမြိုင်တွင် တပ်ဖွဲ့ဝင်များက မှတ်ပုံတင်မပြနိုင်သူများကို ဒဏ်ရိုက်သည်ဟုဆိုပြီး ငွေကျပ် တစ်သောင်းတောင်းဟု မဟုတ်မမှန် ဝါဒဖြန့်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်တွင် လမ်းသွားလမ်းလာပြည်သူများကို တပ်ဖွဲ့ဝင်များက စစ်ဆေးမှုပြုလုပ်ပြီး မှတ်ပုံတင်မပြနိုင်ပါက ငွေကျပ်တစ်သောင်းပေးဆောင်ရန် ဒဏ်ငွေရိုက်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Delta News Agency က မဟုတ်မမှန် ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

**ငွေကြေးတစ်စုံတစ်ရာ တောင်းခံမှုမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ မော်လမြိုင်မြို့ရှိ ဒေသခံပြည်သူများ၏ ပြောပြချက်အရ မော်လမြိုင်မြို့ထဲတွင် တပ်ဖွဲ့ဝင်များအနေဖြင့် သီးခြားစစ်ဆေးခြင်း မရှိကြောင်း၊ မှတ်ပုံတင်မပြနိုင်ပါက ဒဏ်ရိုက်သည်ဟုဆိုသည်မှာလည်း မဟုတ်မှန်ကြောင်း၊ ရုံးပိတ်ရက်ဖြစ်သည့် စနေ၊ တနင်္ဂနွေနေ့တို့တွင် ဌာနဆိုင်ရာအဖွဲ့စုံဖြင့် လမ်းဆုံလမ်းခွများတွင် ရှောင်တခင်စစ်ဆေးခြင်းများသာ တွေ့ရှိရကြောင်းနှင့် ငွေကြေးတစ်စုံတစ်ရာ တောင်းခံမှုမရှိကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အဆိုပါသတင်းသည် ပြည်ဖျက်မီဒီယာများအနေဖြင့် ပြည်သူများ နေ့စဉ်ပုံမှန်လှုပ်ရှားသွားလာနေမှုများတွင် စိုးရိမ်ပူပန်စိတ်များဖြစ်ပေါ်လာစေရန်အတွက် မဟုတ်မမှန် ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်သည်။

**သတင်းစဉ်**

## ဝိုင်းမော်တွင် Mi-35 ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့သည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် သတင်းတု သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်အနီးရှိ ဝါဆာဒီရွာသစ်တွင် ဒီဇင်ဘာ ၁၇ ရက်က တပ်မတော်မှ Mi-35 ရဟတ်ယာဉ်တစ်စင်း ပျက်ကျသွားကြောင်း ဒေသခံများထံမှ သိရသည်ဟု ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Ayeyarwaddy Times မှ မဟုတ်မမှန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ဖြေကြားချက်အရ Mi-35 ရဟတ်ယာဉ်ပျက်ကျသည် ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိဘဲ သတင်းတု၊ သတင်းမှားသာဖြစ်ကြောင်းနှင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များသည် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးများတွင် မြေပြင်တပ်မတော်စစ်ကြောင်းများနှင့် အတူ ဟန်ချက်ညီညီဖြင့် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် ပြည်သူလူထုမှ တပ်မတော်အပေါ် ယုံကြည်အားကိုးလိုစိတ်များ ယိုင်နဲ့လာစေရန် ရည်ရွယ်ချက်ရှိရှိ မဟုတ်မမှန် သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ဒီပဲယင်းမြို့နယ် အောင်ချမ်းသာရွာကို တပ်မတော်က မီးရှို့ဖျက်ဆီးဟု မဟုတ်မမှန် သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အရှေ့ခြမ်း အောင်ချမ်းသာကျေးရွာကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် တပ်မတော်က ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

**မှန်ကန်မှုမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၇ ရက်တွင် တပ်မတော်စစ်ကြောင်းများသည် ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများအနီး နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်မှု မရှိကြောင်းနှင့် အောင်ချမ်းသာကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ မဟုတ်မမှန် ကောလာဟလ သတင်းတု သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







## ပုသိမ်မြို့၌ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး နည်းစနစ် ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

**ပုသိမ် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး နည်းစနစ်ကျွမ်းကျင်မှုသင်တန်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်းက မီးသတ်ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် စိတ်ဓာတ်ကြံ့ခိုင်ဖို့သည် လွန်စွာမှအရေးကြီးကြောင်း၊ ယခုမျက်မှောက်ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်း သဘာဝဘေးအန္တရာယ်များ နေရာအနှံ့ဖြစ်ပေါ်လျက်ရှိရာ ဘေးအန္တရာယ်မဖြစ်ပေါ်မီကာလကတည်းက ကြိုတင်လေ့ကျင့်ခြင်းများ ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကို ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်မှုဖြင့် ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနည်းစနစ် ကျွမ်းကျင်မှုသင်တန်းသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦး၊ ပုသိမ်ခရိုင်နှင့် မြို့နယ်ရုံးများမှ သန္ဓေတပ်ဖွဲ့ဝင် ၄၀ စုစုပေါင်း ၅၀ တက်ရောက်ကြပြီး ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းယန်း ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့် တာဝန်ရှိသူများက မိုင်းလွေကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ခန်းမဆောင်ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၃၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မနှင့် ခြံစည်းရိုးမှာ အရှည် ပေ ၁၂၀၊ အမြင့် ငါးပေရှိပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၁၆၀ ကို အသုံးပြုကာ ခရိုင်/ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၅၇ အိမ်၊ လူဦးရေ ၁၀၁၅ ဦးကို အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။ ** JJJ**

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကျောင်းကုန်း ဒီဇင်ဘာ ၁၈**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက်(၁၉)နှစ်အောက် ရပ်ကွက်/ကျေးရွာအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့မအားကစားကွင်း၌ ယနေ့မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အားကစားပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်စစ်ကြောင်းမှူးကဦးဆောင်၍ဘောလုံးအားကစားသမားများက သစ္စာအဓိဋ္ဌာန် (၄)ချက်ကို သံပြိုင်ရွတ်ဆိုကြပြီး ပန်းဖွားအကနှင့် Fitness Dance အဖွဲ့က ကပြဖျော်ဖြေခဲ့ကြသည်။ ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် အမှတ်(၃)ရပ်ကွက်ဘောလုံးအသင်းနှင့် အမှတ်(၂)ရပ်ကွက်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက်(၁၉) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် အသင်း ရှစ်သင်းအား အုပ်စုလေးခုခွဲကာ ပတ်လည်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**ဝင်းကြိုင်(ပြန်/ဆက်)**

# ကျိုက်သလွံစေတီတော်မြတ်ကြီး၌ အသံမစဲ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အသံမစဲ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ကျိုက်သလွံစေတီတော်ရင်ပြင် ပဋ္ဌာန်းဓမ္မာရုံ၌ ကျင်းပသည်။

**ကပ်လှူပူဇော်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကျိုက်သလွံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးနှင့် ရေချမ်းတို့ ကပ်လှူပူဇော်ခဲ့သည်။ ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် သီရိမင်္ဂလာဒေါ်လန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏုတ္တရမထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အလှူရှင်အပေါင်းတို့က သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အဘယသုတာရာမစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်(ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တသာသနမထေရ်မြတ်ထံမှ ဩဝါဒကထာ နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်နေမှုကို ကြည်ညိုခဲ့ကြသည်။



အဆိုပါ အသံမစဲဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ၁၈ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဘားအံမြို့နယ်၌ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာတို့ဖြင့် နွေစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၀) စက်မှုလယ်ယာစခန်း ဘားအံမြို့မှ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာတို့ဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့နယ် ကွင်းအမှတ်(၁၁၈၇) ကမော့ကစင် အနောက်ကွင်း တောင်သူဦးမောင်မောင်ငွေး၏ လယ်မြေ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အမှာစကားပြောကြားသည်။



ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စက်ကိရိယာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ဝင်းကျန်၊ တော်ပုံ၊ ကော့မှူးရာ၊ နောင်ထလုံး၊ ရဲသာ၊ ထုံးအိုင်၊ နတ်ကျွန်း၊ ကော့ထမလိန်း၊ ဘားကပ်၊ ရေကျော်-မကျီးကျွန်း ကျေးရွာတို့မှ တောင်သူများက ဘောင်စနစ်(သို့) ပျိုးဗန်းဖြင့် ပျိုးထောင်ထားသော ပျိုးပင်များကို ခြောက်တန်းသွား ကူဘိုတာ ကောက်စိုက်စက်ဖြင့် လည်းကောင်း၊ လက်ဆွဲကောက်စိုက်စက်ဖြင့်လည်းကောင်း၊ တိုက်ရိုက်မျိုးစေ့ချ ကိရိယာများဖြင့်လည်းကောင်း နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် နွေစပါးဧက ၄၈၁၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၃၉၇၆၇ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကာ ဧက ၈၄၃၀ စိုက်ပျိုးရန်ကျန်ရှိ၍ နွေစပါးလျာထားဧက ပြည့်မီကျော်လွန်ရေးနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဝန်ထမ်းများအတွက် စားသုံးဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်သူများ အရည်အသွေးမီ စားသုံးဆီများ ဈေးနှုန်းချိုသာမှန်ကန်စွာ ဝယ်ယူစားသုံးနိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ စားသုံးဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀ နှုန်းဖြင့် လာရောက်ရောင်းချပေးသည်။

အဆိုပါ စားသုံးဆီများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယနေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအတွက် စားသုံးဆီ စုစုပေါင်း ပိဿာချိန် ၉၉၈ ပိဿာ ရောင်းချပေးခြင်းဖြစ်ကြောင်းနှင့် အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများအတွက်လည်း စီစဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၇၅ | ၂၅၇၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၀ | ၂၇၆၀ | ၂၉၀၀ |
| 95 Ron | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၀ | ၂၅၉၀ | ၂၆၁၅ | ၂၆၀၀ | ၂၅၇၅ | ၂၆၇၅ | ၂၆၉၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၆၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၇ | ၂၄၀၇ |
| 95 Ron | ၂၄၂၄ | ၂၅၀၆ |
| HSD (500 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (50 ppm) | ၂၁၂၉ | ၂၂၀၁ |
| HSD (10 ppm) | ၂၁၃၃ | ၂၂၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၄၁၉၆ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခုနစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၁၈-၁၂-၂၀၂၃)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၀-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၁၉၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ပြည် ဒီဇင်ဘာ ၁၈**

ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သိရီရတနာခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲတွင် စာစစ်အတွေ့အကြုံရှိသော ပြည်တက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများက ဘာသာရပ်အလိုက် မေးခွန်းပုံစံများ၊ အမှတ်ပေး စည်းမျဉ်းများနှင့် ပါဝင်ရမည့်အချက်အလက်များကို တိကျစွာရှင်းလင်းသွားမည် ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထက်တန်းပြ ဆရာ ဆရာမများ အနေဖြင့်လည်း ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ရှင်းလင်းသင်ပြမည့် စာမေးပွဲဆိုင်ရာအချက်အလက်များကို သေချာတိကျရှင်းလင်းစွာသိရှိစေရန်နှင့် အလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် အတွေ့အကြုံကောင်းများကို တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား အတတ်နိုင်ဆုံး အကောင်းဆုံး ပြန်လည်ကြိုးစား သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ခရိုင်အတွင်းရှိ ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာ ဆရာမများနှင့် ပဲခူးတက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများ စုစုပေါင်း ၁၃၄၄ ဦးအတွက် စားသောက်စရိတ်များ ထောက်ပံ့ပေးအပ်ကာ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့ပြင် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင်လည်း ယနေ့ နံနက်ပိုင်းက ကျင်းပရာ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်မှ အခြေခံပညာ အထက်တန်းသင် ဆရာ ဆရာမများ တက်ရောက်ပြီး ပဲခူးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့် ကထိကများ ပါဝင်သည့် နည်းပြဆရာ ဆရာမများက လည်းကောင်း၊ တောင်ငူခရိုင် အောင်ချက်မြင့်မားရေးအတွက် တောင်ငူမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ အထက်တန်းသင် ဆရာ ဆရာမများအား တောင်ငူတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့် ကထိကများ ပါဝင်သည့် နည်းပြဆရာ ဆရာမများကလည်းကောင်း ဘာသာရပ်အလိုက် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် နည်းပြနှင့် သင်တန်းသား ဆရာ ဆရာမ ၂၈၀၂ ဦးအတွက် စားသောက်စရိတ် ငွေကျပ် ၂၈၀၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင် ၂၇၈ ဦးအား ပူဇော်ကန်တော့ရန်အတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၂၇၈၀၀၀၀၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု) မိသားစုက ငွေကျပ် ၁၁၀၀၀၀၀၊ ဘဒ္ဒန္တရေဝတ (အရှင်ရေဝတ-ရွှေကွမ်းသား) ဓမ္မာလင်္ကာရပရိယတ္တိစာသင်တိုက် တွံတေးမြို့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ် နေပြည်တော်နှင့် ဒေါက်တာခင်ခင်ရီ(ရှိုင်းဟုပ်ကုမ္ပဏီ)တို့က ငွေကျပ်ဆယ်သိန်းစီ၊ ဦးသိန်းမောင်-ဒေါ်ပါးပါးတို့အား ဦးထိပ်ထား၍ စန္ဒီဘယဆေး မိသားစုက ငွေကျပ် ၅၀၄၀၀၀၊ ရန်ကုန် တိုင်းဒေသကြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဝန်ကြီး ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)- စာရေးဆရာမကြီး မမြတ်လေးတို့အား ရည်စူး၍ မြတ်လေးရုံမိသားစုနှင့် စာရေးဆရာ ရာမညကိုကိုနိုင်အား ရည်စူး၍ မြေးဖြစ်သူ စာရေးဆရာမ လင်းလက်စန္ဒာတို့က ငွေကျပ်သုံးသိန်းစီ၊ ဝဏ္ဏကျော်ထင် ဒေါက်တာချစ်- ဒေါ်ကြည်ကြည်ညွန့်မိသားစု၊ တာချီလိတ်မြို့နယ် စာရေးဆရာအသင်းနှင့် ဦးလူမော်မြင့်အောင်- ဒေါ်မေဝ်မေဝ်တင့် (ဆန်ဆိုင်)မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)မိသားစု၊ ဦးညွန့်လှိုင် (မောင်မောင်ညွန့်လှိုင်) မိသားစု၊ ဦးအောင်မြတ်ကျော် (မဟိဒ္ဓိဆေးတိုက်)၊ ပြည်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင် (ပြည်)၊ ပုသိမ်မြို့နယ်စာရေးဆရာအသင်း၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် စာရေးဆရာအသင်း၊ ဒုတိယဗိုလ်မှူးကြီးမြင့်ကျော် (ငြိမ်း) (မှူးကျော်-ပန်းတနော်)၊ မီမီကို (အလှရပ်ဝန်း)၊ စာရေးဆရာနိုင်မျိုးသစ္စာ(နမ္မတူ)၊ စာချစ်သူလေးခင်(တော်ဝင်ပန်း) တောင်ဥက္ကလာပမြို့နယ်နှင့် စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့တို့က ငွေကျပ်တစ်သိန်းစီ၊ ဓနုဖြူမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၈၀၀၀၀၊ မြစ်သားမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၇၀၀၀၀၊ ရွှေထုံခင်သီတာလှိုင်(သထုံမြို့) မွန်ပြည်နယ်၊ ကလေးဝမြို့နယ် စာရေးဆရာအသင်း၊ စာရေးဆရာ လုလင်မော်ဝန်းမြေ-ဒေါ်အေးအေးဝင်း၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဦးအောင်ကြည် (အောင်ကြည်ညွန့် -တက္ကသိုလ်) နှင့် ဒေါ်မြမြ (မြင်းခြံမြသိင်္ဂီ) ရန်ကင်းမြို့နယ်တို့က ငွေကျပ် ငါးသောင်းစီ၊ ဦးမြင့်ဦး (မြင့်မိုရ်ဦး-ပဲခူး)-ဒေါ်အေးအေးခိုင်၊ သားကိုကိုခန့် ပဲခူးမြို့နယ်၊ မြိတ်မြို့နယ် စာရေးဆရာအသင်း၊ ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်းနှင့် တောင်ကြီးမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ စာချစ်သူ ဇမ္ဗူမြိုင်(ဦးစံမြိုင်)က ငွေကျပ်တစ်သောင်း၊ ဆရာမကြီး ပါရဂူ ဒေါက်တာဒေါ်ကြည်ကြည်စိန်က ငွေကျပ် ၃၈၀၀၀၀ တန်ဖိုးရှိ ပြက္ခဒိန်များနှင့် မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး)နှင့် ဦးအောင်ကြည်(အောင်ကြည်ညွန့်-တက္ကသိုလ်)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။



အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝင့်ထည်လို့ပြုံး

✻ အောင်ပန်းပန် အောင်လံလွှင့်လို့
အောင်မာန်ဝင့် စွန့်ရဲပျော်
တို့...မြန်မာ့တပ်မတော်၊
"နိုင်ငံတော် ကာကွယ်ရေး၊
နိုင်ငံတော် လုံခြုံရေး၊
အမျိုးသားရေး အကျိုးစီးပွား"ရယ်နဲ့
"တို့တာဝန် အရေးသုံးပါး"တို့ကို
အလေးထား အကောင်အထည်ဖော်
နောင်အရှည်မျှော် ဆောင်ထမ်း။
ကမ္ဘာတည် ဘာမထီအားတွေနဲ့
သမ္မာညီ ဇာနည်များရယ်က
အားစိုက်ကြိုးပမ်း။
✻ အစဉ်အလာ သမိုင်းကောင်းတွေနဲ့
ဆင့်လောင်းလို့ တာဝန်ကျေ၊
ပြည်ထောင်စု တစ်မိဖွားတွေမို့
ပြည်ထောင်စု အသိပွားပါလို့
ပြည်ထောင်စု ကတိစကားတွေနဲ့
နှီးကြားလို့နေ၊
အမျိုးမချစ်တဲ့
မျိုးမစစ် လောက်ကောင်တွေ
တို့မြေရဲ့ ခလုတ်တံသင်း။
ရန်ထောင်ကာ စရိုက်အယုတ်ရယ်နဲ့
ရန်စောင်လာ အမှိုက်အရှုပ်တို့ကို
တိုက်ထုတ်ဖယ်ရှင်း။
✻ ပြည်ထောင်စု သွေးချင်းတို့
ဘေးကင်းလို့ လုံခြုံကာ၊
တပ်မတော် ဆောင်သယ်ပိုးလို့
ဖွံ့ဖြိုးစည်သာ၊
အဖျက်စကားတွေနဲ့
အဖျက်သမား အယုတ်တမာ
ဆုတ်ခွာဖို့ ချေမှုန်း။
အောင်ပန်းပန် အောင်လံလွှင့်ကာ
ဝင့်ထည်လို့ပြုံး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

## မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မော်တောင် ဒီဇင်ဘာ ၁၈**

မော်တောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၃၇ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၃၇ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၇၄ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၁၁ ဒသမ ၇ တန်၊ ဂျင်းခရု(အရှင်) ၁၅ ဒသမ ၇ တန်၊ ရွှံ့ကဏန်း (အရှင်) ၄ ဒသမ ၅၅ တန်၊ ပုစွန်ငါးပိ သုည ဒသမ ၅ တန်၊ ကဏန်း(အသေ) ၇ ဒသမ ၅ တန်၊ ရေခူဆားနယ် ၁၅ တန်၊ ကင်းမွန်ပြုတ်ခြောက် သုည ဒသမ ၄၅ တန်၊ ရေချိုပုစွန် သုည ဒသမ ၃ တန်၊ ကျောက်ပုစွန် (အရှင်) သုည ဒသမ ၆၁ တန်၊ ၄က်ပျောသီး ၄၅ တန်၊ ငရုတ်သီးစိမ်း ၁၄၈ ဒသမ ၀၈၆ တန်၊ ခနိဖက်ခြောက်တန် တင်ပို့နိုင်ခဲ့ပြီး အဓိက တင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ၃၆ တန်၊ ပုစွန်အစာ ၁၀ တန်၊ ငါးသေတ္တာဘူးခွံ ငါးတန်၊ ကြွေပြား စတုရန်းမီတာ ၁၆၀၀ ဖြစ်သည်။

ဒီဇင်ဘာ ၁၇ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၂၅ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၇ ဒသမ ၅၆ ကျပ်ခန့်ရှိကြောင်း သိရသည်။





## ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ကံပိုင်တည် ဒီဇင်ဘာ ၁၈**

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၁၆ ဒသမ ၀၀ နှင့် သွင်းကုန် အမေရိကန်ဒေါ်လာ သန်း ၂ ဒသမ ၅၀ ဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၁၈ ဒသမ ၅၀၀ ဖြစ်သည်။

ဒီဇင်ဘာ ၁၇ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၄၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉၆ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၃၇ သန်း ဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၆၄ ဒသမ ၅၂၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ဒီဇင်ဘာ ၁၇ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တစ်တန်လျှင် ယွမ် ၂၅၃၀/ ၃၄၅ ဒေါ်လာနှုန်းဖြင့် ၂၇၀၂၀၅ တန်၊ တန်ဖိုး ဒေါ်လာ ၉ ဒသမ ၂၈၉ သန်း၊ ရော်ဘာစိမ်း ၁၉၃ တန်၊ တန်ဖိုးဒေါ်လာ သုည ဒသမ ၂၆၁ သန်း၊ ဖရဲသီး ၇၁၂ တန်၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၉၈ သန်း၊ ရှောက်ကောပါကော တန် ၂၀၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၂၂ သန်း၊ စကျင်ကျောက် တန် ၅၀၀၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၈၈ သန်း၊ သခွါးမွှေး ၂၅ တန်၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၀၅ သန်းနှင့် ဆန် ၆၇၂ တန်၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၃၇၉ သန်း တင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီး၊ ကြွေပြားနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း တန်ချိန် ၁၄၁ တန်၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၃၄၂ သန်း၊ လုပ်ငန်းသုံးပစ္စည်းတန်ချိန် ၆၀၈ တန်၊ တန်ဖိုး ဒေါ်လာ ၁ ဒသမ ၀၇၇ သန်းနှင့် လူသုံးပစ္စည်းတန်ချိန် ၆၃၉ ဒသမ ၅ တန်၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၃၇၅ သန်းတို့ တင်သွင်းနိုင်ခဲ့သည်။

## ပြည်ဈေးကွက်၌ ပဲပုပ်သီးနှံအသစ်များ အရောင်းအဝယ်ဖြစ်

**ပဲခူး ဒီဇင်ဘာ ၁၈**

ဒီဇင်ဘာလဆန်းပိုင်းမှစ၍ ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်သို့ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပြည်၊ ပန်းတောင်း ဒေသများမှ ဆောင်းရာသီ ပဲမျိုးစုံအသစ်များ နေ့စဉ်ဝင်ရောက်လာခဲ့ရာ ပဲပုပ်သီးနှံအသစ်များလည်း တစ်ရက်လျှင် အိတ် ၁၀၀ ကျော်အထိ ဝင်ရောက်ခဲ့ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တစ်ရက်လျှင် ပဲပုပ် ပိဿာ ၂၀ ပါ တစ်တင်းအိတ် ၂၀ မှ ၃၀ ကျော် လက်လီအရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်ကားအနေဖြင့် ရန်ကုန်ဝယ်လက်များသို့ ပဲပုပ် ပိဿာ ၂၀ ပါ တစ်တင်းအိတ် ၁၀၀ ကျော် နေ့စဉ်အရောင်းအဝယ် ဖြစ်ခဲ့သည့်အတွက် ဝင်ရောက်လာသမျှ ပဲပုပ်သီးနှံအသစ်များ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပိဿာ ၂၀ ပါ တစ်တင်းလျှင် ငွေကျပ် ၆၄၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ယခင်နှစ် ဈေးနှုန်းနှင့် ကွာခြားမှုမရှိကြောင်း သိရသည်။

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**လွယ်ဂျယ် ဒီဇင်ဘာ ၁၈**

လွယ်ဂျယ်ကုန်သွယ်ရေးစခန်း အနေဖြင့် ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် တန် ၂၉၉၉ ဒသမ ၅၀၊ ဆန်ကွဲ တန် ၁၄၇၆ ဒသမ၂၅၀၊ ပြောင်း တန် ၁၅၉၇ ဒသမ ၂၅၀၊ရော်ဘာ ၂၃၂ ဒသမ ၀၀တန်၊ တစ်သျှူးငှက်ပျော ၆၈၈ ဒသမ ၀၀ တန်၊ ဖရဲသီး တန် ၈၂၈ ဒသမ ၅၀၊ သခွားမွှေး ၃၅၄ ဒသမ ၀၀ တန်၊ ကြံ တန် ၄၈၀ ဒသမ ၀၀၊ ရှောက်ကောသီး ၆ ဒသမ ၀၀ တန်နှင့် သီဟိုဠ်စေ့ ၃၂ ဒသမ ၀၀ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် ဆေးဝါးပစ္စည်း ၇၅၄၅၈၀၊ စက္ကူလိပ် တန် ၃၆ ဒသမ ၅၀၊ ဂျပ်ဖာ ၇၁ ဒသမ ၅၅ တန်၊ ထွန်စက် ငါးစီး၊ ပီနံအိတ် ၃၆ ဒသမ ၅၀ တန်၊ ချည် တန် ၈၅ ဒသမ ၅၀၊ တစ်ရှူးလိပ် ၂၁ ဒသမ ၀၀ တန်၊ မြက်ခင်းတု ၂၆ ဒသမ ၀၀ တန်၊ ပတ္တာကြိုး ၂၈ ဒသမ ၆၄ တန်၊ စောင် တန် ၂၉ ဒသမ ၅၀၊ ဖော့ ၁၄ ဒသမ ၀၀ တန်၊ နန်းကြိုးခွေ ၇၅ ဒသမ ၀၀ တန်၊ သံပိုက်/သံပြား ၄၈ ဒသမ ၀၀ တန်၊ ဂျပ်စက္ကူ တန် ၁၆ ဒသမ ၅၀၊ အဲယားကွန်း အလုံး ၁၀၀၊ ပလတ်စတစ်လိပ် တန် ၃ ဒသမ ၅၀၊ ကုန်စုံ ၄၇၁ ဒသမ ၁၁ တန်၊ အခု ၃၇၄၀၀၊ အရန် ၇၂၀၀၊ တန်ဖိုး ဒေါ်လာသုည ဒသမ ၃၅၅သန်း တင်သွင်းနိုင်ခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် ဒီဇင်ဘာ ၁၇ ရက်တွင် တစ်ယွမ်လျှင် ၄၆၇ ကျပ်ဖြစ်ကြောင်း သိရသည်။

## ထိုင်းငချိပ် (ခေါ်) ငချိပ်စပါး စိုက်ပျိုးသည့် တောင်သူများအကျိုးအမြတ်ရ

**ဝက်လက် ဒီဇင်ဘာ ၁၈**

စစ်ကိုင်း တိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိ ကျေးရွာများတွင် ထိုင်းငချိပ်(ခေါ်) ရာသီစပါးဖြစ်သည့် ငချိပ်စပါးကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဝက်လက်မြို့နယ် စိုင်နိုင်ကြီးကျေးရွာရှိ တောင်သူများသည်လည်း ငချိပ်စပါးကိုစတင်၍ စမ်းသပ်စိုက်ပျိုးခဲ့ကြောင်း၊ ငချိပ်စပါးကို ၂၀၂၃ ခုနှစ် မိုးစပါးရာသီချိန်ဖြစ်သည့် ဇူလိုင်လအတွင်း စတင်ပျိုးထောင်၍ ဩဂုတ်လအတွင်း၌ စိုက်ပျိုးရကြောင်း သိရသည်။

စိုက်ပျိုးထွက်ရှိမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငချိပ်စပါးမျိုး၊ ထွန်ယက်ခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ခြွေလှေ့ခ၊ သယ်ယူစရိတ်၊ လုပ်သားခအပါအဝင် စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် ၁၁၄၀၀၀၀ ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၇၀-၈၀ ထွက်ရှိပြီး စပါးဈေးနှုန်းအနေဖြင့် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၈၀၀၀၀၀ - ၄၀၀၀၀၀၀ အထိ ဈေးနှုန်းရရှိကြောင်း၊ ငချိပ်စပါးစိုက်သည့် တောင်သူကို မေးမြန်းရာတွင် တစ်ဧကလျှင်တင်း ၇၀ မှ တင်း ၈၀ ထွက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကအထွက်နှုန်း တင်း ၇၀ ဖြင့် တွက်ချက်ပါက ငွေကျပ် ၂၆၆၀၀၀၀ ရရှိပြီးတစ်ဧကလျှင် ငွေကျပ် ၁၅၂၀၀၀၀ အကျိုးအမြတ်ရရှိကြောင်း၊ ထိုင်းငချိပ်(ခေါ်)ငချိပ်စပါးသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများမှ ဝယ်ယူသည့်အတွက် ဈေးနှုန်း၊ ဈေးကွက်ကောင်းများရရှိပြီး ငချိပ်စပါးစိုက်ပျိုးခြင်းဖြင့် တောင်သူများအကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

### ၁၈.၁၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၅၅၀၀(သစ်) | ၁၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၇၀၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၄၆၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၄၅၀၀(သစ်) | ၁၆၀၀၀ | ၅၁၂၅ | ၁၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၇၅၀ | ၁၃၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၇၃၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၂၂၀ | ၁၃၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၂၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၄၀၀၀ | ၂၇၅၀ | ၆၅၀၀ | ၂၀၀၀၀ | ၅၄၀၀ | ၃၀၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၀၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၂၀၀(သစ်) | ၁၂၅၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၂၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၂၆၀၀(သစ်) | ၁၄၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၆၈၀၀ | ၇၃၀၀ | ၂၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၁၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၄၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

(၂၂)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်
မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ
၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်





# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

အဆိုပါ လူငယ်နှင့် စာပေအနုပညာပွဲတော်ကို လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် လူငယ်များ စာပေနှင့်ရင်းနှီးပြီး စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်၊ ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာန အသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူသိမြင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



ယနေ့တွင် အဆိုပါ လူငယ်နှင့် စာပေအနုပညာပွဲတော်တွင် ပြသမည့် စာအုပ်စာစောင်များ ခင်းကျင်းခြင်း၊ "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲအတွက် ဓာတ်ပုံများ ခင်းကျင်းခြင်း၊ ဝန်ကြီးဌာန ၁၅ ခုမှ ပြသမည့် ပြခန်းများ ခင်းကျင်းပြင်ဆင်ခြင်း၊ ဖွင့်ပွဲအခမ်းအနားအစီအစဉ်နှင့် ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ဖျော်ဖြေကြမည့် အနုပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ တိုင်းရင်းသားရိုးရာအစားအစာဆိုင်များနှင့် စာအုပ်အရောင်းဆိုင်များ ခင်းကျင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့နယ်၌ အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲ ကျင်းပ

**ကော့သောင်း ဒီဇင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက် သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ဆယ်မိုင်ကျေးရွာအုပ်စု တာညံ့ပါဒကကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

**ချီးမြှင့်**

အခမ်းအနားတွင် ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချို က သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် ဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလ နှစ်လကြာ အခမဲ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**၂၂၂**

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ဒီဇင်ဘာ ၁၈ ရက်က ကျင်းပသည်။

ဦးစွာ ဘာသာရပ်ပေါင်းစုံ ၁၄ ဌာနတို့မှ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၅၀၀၀ အပြေးပြိုင်ပွဲနှင့် မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀ နှင့် မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲများ၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲ၊ အလျားခုန်နှင့် သုံးဆင့်ခုန်ပြိုင်ပွဲများကို ကျင်းပကြရာ ပါမောက္ခချုပ် ဒေါက်တာခင်သီတာ၊ ဒုတိယ ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာသန္တာ၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာသဇင်လွင်၊ ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာရင်ရင်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သီတာက ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ သံပြားပစ်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ အလျားခုန်နှင့် သုံးဆင့်ခုန်ပြိုင်ပွဲများတွင် ဆုရရှိကြသော ပြိုင်ပွဲဝင်အသင်းများမှ ကျောင်းသား ကျောင်းသူများအား



တစ်ဦးချင်းဆုများကို ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ ခင်သီတာ၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ သန္တာ၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာသဇင်လွင်၊ ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာရင်ရင်လွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ပြေးခုန်ပစ်အားကစားပြိုင်ပွဲ မီတာ ၁၀၀ အပြေးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၀၊ မီတာ ၅၀၀၀ အပြေးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၀၊ သံလုံးပစ်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၀၊ သံပြားပစ်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၀၊ လှံပစ်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၀၊ အလျားခုန်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၀ နှင့် သုံးဆင့်ခုန်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# သမဝါယမ အသင်းသားပိုင် မိုးစပါးများ ရိတ်သိမ်း

**တောင်ကြီး ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းပျိုးကျေးရွာအုပ်စု ကျေးထပ်ကျေးရွာရှိ မြပုလဲ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ အသင်းသား ၄၃ ဦးပိုင် လယ်ယာမြေဧက ၂၇၂ ဧကတွင် ရွှေရင်အေးစပါးရိတ်သိမ်းခြွေလှေ့ခြင်းကို ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုသည်။

**စပါးတင်း ၉၀ ထွက်ရှိ**

အဆိုပါ မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသို့ ညောင်ရွှေမြို့နယ်သမဝါယမအသင်းစုက တစ်ဧကလျှင် စိုက်ပျိုးရေးသွင်းအားစု နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများ တန်ဖိုးငွေကျပ် ၅၄၄ သိန်း ထောက်ပံ့ပေးခဲ့ပြီး တစ်ဧကလျှင် စပါးတင်း ၉၀ နှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## “ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၄ ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ဒါဘာတိုက်ခန်းနှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာချက်”

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊(ခ)ရပ်ကွက်၊မင်္ဂလာလမ်း၊ အမှတ်(၁၄)နေ ဒေါ်စိန်လှမြင့် [၁၂/သဃက(နိုင်)၀၈၅၃၆၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ဖော်ပြပါ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ကန်ထရိုက်တိုက် အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် ကန်ထရိုက်တာအား မြေရှင်များက အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ရာ ကန်ထရိုက်တာသည် စာချုပ်စည်းကမ်းချက်များအား ဖောက်ဖျက်ခဲ့ပြီး ကန်ထရိုက်တိုက်အဆောက်အဦကို အပြီးသတ်ဆောက်လုပ်ခဲ့ခြင်းမရှိသဖြင့် မြေရှင်များက လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းပြီး မိမိတို့၏ငွေကြေးများ စိုက်ထုတ်အကုန်အကျခံကာ တိုက်ခန်းများပြီးစီးသည်အထိ အပြီးသတ်ဆောက်လုပ်ခဲ့ရသော တိုက်ခန်းများဖြစ်ပါသည်။ ကန်ထရိုက်တာနှင့် လုပ်ငန်းများဖျက်သိမ်းကြောင်း ၂၀၁၃ ခုနှစ်ကတည်းက နိုင်ငံပိုင်သတင်းစာတွင် ကြော်ငြာထည့်သွင်းခဲ့ပြီး မြေရှင်များက လက်ရောက်ရရှိနေထိုင်သော တိုက်ခန်းများလည်း ဖြစ်ပါသည်။

သို့ရာတွင် ဖော်ပြပါ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဒါဘာတိုက်ခန်းကို မြေရှင် ဒေါ်စိန်လှမြင့်က သော့ခတ်ပိတ်ထားရာ အဆိုပါ တိုက်ခန်းအတွင်းသို့ (၇-၁-၂၀၂၁)ရက်နေ့က အတင်းအဓမ္မ သော့ဖျက်ကာ ကျူးကျော်ဝင်ရောက်နေထိုင်ကြသည့်အတွက် ကျူးကျော်သူများကို မြေရှင် ဒေါ်စိန်လှမြင့်တို့ မောင်နှမ (၄)ဦးက သဃ်န်းကျွန်းမြို့နယ်တရားရုံးတော်၌ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားသည့်အပြင် သဃ်န်းကျွန်းခရိုင်တရားရုံးတော်၌လည်း တရားမကြောင်းအရ ဒါဘာတိုက်ခန်းအား ကျူးကျော်သူများကို ဖယ်ရှား၍ လက်ရောက်ပြန်လည်ရလိုမှုတို့ဖြင့် တရားစွဲဆိုထားပြီးဖြစ်ရာ ရုံးတော်မှ အမိန့်တစ်စုံတစ်ရာ ချမှတ်ရခြင်း မရှိသေးသည့်အပြင် ကန်ထရိုက်တာနှင့်လည်း မည်သို့မျှ အကျိုးသက်ဆိုင်သည့် တိုက်ခန်းများမဟုတ်ပါသဖြင့် အဆိုပါ ဒါဘာတိုက်ခန်းအပါအဝင် ကျန်တိုက်ခန်းများအားလုံးနှင့်စပ်လျဉ်း၍ မြေရှင် ဒေါ်စိန်လှမြင့်တို့ မောင်နှမလေးဦး သဘောတူညီသိရှိမှုမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းရောင်းချ ပေါင်နှံပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ကြရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စိုးစိုးမိုး** | **ဒေါ်ခိုင်ခိုင်မော်(ခ)ဒေါ်သန္တာရွှေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၆၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၇၉၄)** |

**အမှတ် (၂၄)၊ ဒုတိယထပ်၊ ၁၅၂ လမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၉၇၉၃၁၁၂၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၄၉၊ မြေကွက်အမှတ်– ၂၁၁၂၊ မြေကွက်တည်နေရာအမှတ်(၂၁၁၂)၊ (၁၄၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ကြည်ကြည်မြင့် (J/RGN–၀၅၄၈၀၄)အမည်ပေါက် ပါမစ်မြေအားပါမစ် အမည်ပေါက် ဒေါ်ကြည်ကြည်မြင့်(J/RGN–၀၅၄၈၀၄)[၇/ပမန(နိုင်)၀၀၉၆၇၃] ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ ဦးသာယာ [၁၂/တမန(နိုင်)၁၀၃၂၄၇]မှ ဓာတ်ပုံပျက်စီးနေသည့် ပါမစ်မူရင်း(မူရင်းတုံးပါ)တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်၍ လျှောက်ထားသူမှ ကွင်းဆင်းပုံစံပေါ်တွင် သိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့် ဦးသာယာမှ ပါမစ်မူရင်း တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ ကျွန်းတောလမ်း (နာနတ်တောလမ်းနှင့် ဟံသာဝတီလမ်းကြား)၊ Time City Condominium ၏ Condo (6), Level (16), အခန်းအမှတ်– 1801၊ အကျယ်အဝန်း (၂၄၃၄ စတုရန်းပေ)အကျယ်ရှိ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ဦးကျော်ဆွေ [၁၂/ကမရ(နိုင်)၀၅၂၄၈၀] တရားဝင်လက်ရှိပိုင်ဆိုင်သော အထက်ဖော်ပြပါလိပ်စာရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကျော်ဆွေ၏ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်– ၂၀၃၇၁/၂၀၂၂ ဖြင့် ကိုယ်စားလှယ်လွှဲအပ်ထားခြင်းခံရသူ သမီး ဒေါ်သက်ဟေသီဆွေ [၁၂/ကမရ(နိုင်)၀၆၇၀၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ)**
**စဉ်– ၆၇၀၂**
**တိုက်အမှတ်– ၂၁၄၊ Min Ye Kyaw Swar Residence,**
**အခန်း–၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်(ပ.လ.ရ)အပိုင်၊ ရေကြည်အိုင်ရပ်ကွက်၊ သစ္စာ(၂)လမ်းရှိ (၁၅x၆၂)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး အရှုပ်အရှင်းကင်းရှင်း၍ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မျိုးသန့် [၁၂/ကမတ(နိုင်)၀၅၄၀၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နော်အယ်လာဖော [၁၂/တကန(နိုင်)၁၃၂၂၄၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နုနုလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၅၉၈၅)**
**အမှတ်– ၄၉၃၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ ၅–ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ Ph: 09-778034689**

### ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀/တောင်)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ ဇေယျဝတီ(၂) လမ်း၊ မြေကွက်အမှတ်-(၂၁၃၀/ခ)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ်-၂၁၃၀/ခ၊ စတုတ္ထထပ်၊ ၅-လွှာ၊ အလျား(၁၅)ပေxအနံ(၅၅)ပေ တိုက်မျက်နှာမူ(ညာဘက် ခြမ်း) ရေမီးအစုံတိုက်ခန်း(၁)ခန်းနှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအား အရပ်ရပ်စာချုပ်ဖြင့်ဝယ်ယူလက်ဝယ်ထားရှိသူ ဒေါ်သန်းသန်းအေး [၁၂/မဂတ(နိုင်)၀၃၉၀၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ၁။ ဦးစိုးစံ[၁၂/ဒဂဆ(နိုင်)၀၀၉၆၇၈]၊ ၂။ ဒေါ်ခိုင်သက်ဇင်[၅/မရန(နိုင်)၂၅၈၆၈၁]တို့သည် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကိုဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုဇနခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၂၉)(၃၁-၁၀-၂၀၂၃)**
**အမှတ်-၄၀၂၊ သုမန(၃)လမ်း၊ ၅/ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-250977717**

### (၁၃-၁၂-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာပါ ဒေါ်ချိုပြုံး [၁၂/ဥကတ(နိုင်)၀၃၆၇၉၉]+ ၁ ဦး၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေဒေါ်မို့မို့လွင်၏ အများသိစေရန်ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက် အမှတ်-၁၁၅၈ (လူနေရပ်ကွက်အခေါ်) အမှတ်-၁၁၅၈၊ ထောက်ရှာပင်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော(၄၀'x၆၀')အကျယ်ရှိ ဦးအုန်းမြင့်အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မြေကွက်ခွဲစိတ်ရသေးခြင်းမရှိသော(၂၀'x၆၀')အကျယ်ရှိ (ခေါင်းရင်းဘက်ခြမ်း) မြေနှင့်အဆောက်အဦတို့ကို ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူနေထိုင်ပိုင်ဆိုင်၍ လက်ရှိဖြစ်လျက်ရှိသော ၁။ ဒေါ်နေကြည်ကြည်ဝင်းပ၊ ၂။ ဦးအောင်ဇေယျာမိုးဟိန်းထွန်း၊ ၃။ ဒေါ်ဇာခြည်ဝင်းပပ တို့ (၃)ဦးထံမှ ကျွန်ုပ်တို့မိတ်ဆွေဦးဇော်ထက်အောင်က ဂရန်မူရင်း၊ မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာမူရင်း တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ခဲ့သော မြေနှင့်အဆောက်အဦဖြစ်ပါသည်။ (၁၃-၁၂-၂၀၂၃)ရက်စွဲပါ သတင်းစာကြေညာချက်အရ ဒေါ်ချိုပြုံး + ၁ တို့သည် ဒေါ်နေကြည်ကြည်ဝင်းပ +၃ ဦးတို့ထံမှ အဆိုပါ မြေကွက်၏(ခြေရင်းခြမ်း)(၂၀'x၆၀')အကျယ်မြေကွက်ကို ဝယ်ယူခဲ့သူများဖြစ်ပြီး ထိုသို့ဝယ်ယူခဲ့စဉ်က အဆိုပါမြေကွက်သည် ပါမစ်မြေကွက်အဖြစ်သာတည်ရှိခဲ့ပြီး လူကြီးမင်းတို့သည် အဆိုပါ ပါမစ်မြေကွက်၏ မိတ္တူခြမ်းကိုသာ သိရှိသဘောတူ၍ ဝယ်ယူခဲ့ကြသူများဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ယင်းသို့ ကျွန်ုပ်မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ခေါင်းရင်းဘက်ခြမ်းမြေကွက်သည် လူကြီးမင်းတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက တိုက်ရိုက်စာချုပ်ချုပ်ဆို၍ ဝယ်ယူထားခြင်း၊ လူကြီးမင်းတို့နှင့် အခြားသဘောတူညီမှု ကတိပဋိညာဉ် တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်းတို့ တစ်စုံတစ်ရာမရှိခဲ့သည်ကို လူကြီးမင်းတို့ကိုယ်တိုင် သိရှိပြီးဖြစ်ပါလျက် ကျွန်ုပ်မိတ်ဆွေ၏ဥပစာရှေ့တွင် "အမှတ်-၁၁၅၈သည် အိမ်ဂရန် ဆောင်ရွက်ရန် အရှုပ်အရှင်းဖြစ်နေသော မြေကွက်ဖြစ်ပါသည်"ဟု ဆိုင်းဘုတ်ထောင်ခြင်း၊ (၁၃-၁၂-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာမှတစ်ဆင့် "ဂရန်မူရင်းကိုင်ဆောင်ထားသူသည် အခြားမည်သူ့ကိုမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန်"ဟု ထည့်သွင်းကြေညာခြင်းများကို ဥပဒေမဲ့စွာ ပြုလုပ်ခဲ့ပါသည်။ လူကြီးမင်းတို့ဝယ်ယူခဲ့သည့် အထက်ပါ မြေကွက်၏ ခြေရင်းခြမ်းနှင့်ပတ်သက်၍ တောင်းဆိုရန်ကိစ္စအဝဝသည် ကျွန်ုပ်မိတ်ဆွေ ၏ပိုင်ဆိုင်မှု၊ လက်ရှိဖြစ်မှု၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချမှုတို့နှင့် တစ်စုံတစ်ရာသက်ဆိုင်ခြင်း မရှိသည့်အပြင် လူကြီးမင်းတို့ အနေဖြင့် တားဆီးဟန့်တားပိုင်ခွင့်မရှိပါဘဲ ထိုသို့ပြုလုပ်ခဲ့မှုကြောင့် ကျွန်ုပ်မိတ်ဆွေနှင့် ၎င်းဝယ်ယူပိုင်ဆိုင်သည့် မြေကွက်တို့အပေါ် အများသူငှာ အနေဖြင့် အရှုပ်အရှင်း ဖြစ်ပေါ်နေသကဲ့သို့ ထင်ယောင်ထင်မှားဖြစ်လျက် ကျွန်ုပ်မိတ်ဆွေ၏ပိုင်ဆိုင်မှု၊ အကျိုးစီးပွားနှင့် ဂုဏ်သိက္ခာတို့ကို လွန်စွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ လူကြီးမင်းတို့ ဝယ်ယူခဲ့သည်ဆိုသော (ခြေရင်းခြမ်း) မြေကွက်နှင့်ပတ်သက်၍ တောင်းဆို ရန်ကိစ္စအဝဝသည် လူကြီးမင်းတို့အား တိုက်ရိုက်ရောင်းချခဲ့သူဒေါ်နေကြည်ကြည်ဝင်းပ +၃ တို့နှင့်သာ သက်ဆိုင်ပြီး ၎င်းတို့(၃)ဦးထံသို့သာ တောင်းဆိုပိုင်ခွင့်ရှိပါသဖြင့် ကျွန်ုပ်မိတ်ဆွေ၏ဥပစာရှေ့တွင် ထောင်ထားသော ဆိုင်းဘုတ်နှင့် (၁၃-၁၂-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဖော်ပြကြေညာခဲ့သော ကျွန်ုပ်မိတ်ဆွေနှင့်သက်ဆိုင်သည့် တားမြစ်ချက်တို့အား (၇)ရက်အတွင်း ရုပ်သိမ်းကာ ကျွန်ုပ်မိတ်ဆွေ ကျေနပ်သည်အထိ တောင်းပန်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လူကြီးမင်းတို့ဘက်မှ လိုက်နာခြင်းမရှိ ပျက်ကွက်ခဲ့ပါက ကျွန်ုပ်တို့၏မိတ်ဆွေ၏အကျိုးစီးပွား၊ ဂုဏ်သိက္ခာထိခိုက်နစ်နာ ကျဆင်းအောင်ပြုလုပ်သူ လူကြီးမင်းတို့အပေါ် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နီလာအောင်(LL.B, LL.M)** | **ဦးညီနပ်( LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၂၅)** | **အထက်တန်းရှေ့နေ(စဉ်-၂၉၃၆၁)** |

**အမှတ်၄၈/၅၀(မြေညီ)၊ အခန်း(၁)၊ (၃၆)လမ်း(ရိပ်သာ)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၇၃၁၀၉၊ ၀၉-၄၂၁၀၁၂၂၁၈**

### "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉-ဘီ၊ မြေကွက်အမှတ်-၅၁၉၊ အကျယ်အဝန်း(၄၀ပေx၆၀ ပေ)၊ **ဧရိယာ (၀.၀၅၅) ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးငွေစိုး [၁၂/ရကန(နိုင်)၀၂၁၈၁၈]အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကြီးအနက်မှ **တရားဝင် မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ (ခေါင်းရင်းဘက်ခြမ်း)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်-၅၁၉၊ နတ်မောက်လမ်း၊ (၃၉/ဘီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့အား** ရောင်းသူ ဒေါ်အေးမြင့်စံ [၁၃/တခလ(နိုင်)၀၂၂၈၂၇] မှ မှတ်ပုံတင်စာချုပ်အမှတ်-(၈၇၈၄/၂၀၂၃)အရ မိမိတစ်ဦးတည်းသာလျှင် လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသောမြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

### "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၅၅) ရပ်ကွက်၊ ရွှေကံ့ကော်လမ်းမကြီး၊ အမှတ် - ၂၆၂ နေ ဒေါ်မိမိလေး [၁၂/ဥကတ(နိုင်)၁၅၀၇၀၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေနှင့် ဦးအာကာစိုး[၉/ခမစ(နိုင်)၀၁၀၈၄၆]တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သမီး (၁)ဦး ထွန်းကားခဲ့ပြီး ယခုအခါ ဦးအာကာစိုးသည် ကျွန်ုပ်မိတ်ဆွေအား ကိုယ်ထိလက်ရောက် စော်ကားခြင်း၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုများအား အကြိမ်ကြိမ်ပြုမူ ဆောင်ရွက်ခြင်း၊ ကျွန်ုပ်မိတ်ဆွေ ခွင့်မလွှတ်နိုင်သောကိစ္စများအား ကျူးလွန်ခြင်းများကို ဆောင်ရွက်နေသည့်အတွက် ခင်ပွန်း အဖြစ် ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပြီ ဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်သည့်အပြင် ကျွန်ုပ်မိတ်ဆွေနှင့်လည်း ပတ်သက်သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅၊ မြေကွက်အမှတ် - ၂၆၂၊ အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ) ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်သည့်အတွက် ကျွန်ုပ်မိတ်ဆွေ သိရှိသဘောတူခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် ဆောင်ရွက်ခြင်းများအား ခွင့်မပြုပါကြောင်း၊ ပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သင်းသင်းမော် တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ မင်းရဲကျော်စွာ(၁၂)လမ်း၊ အမှတ်(၃/၁၅၅)၊ ပေ(၁၀x၆၀)ဟုခေါ်တွင်သော မြေကွက်အား ဒေါ်မော်မော်သန်း [၁၂/လသယ(နိုင်)၀၀၅၂၃၁] မှ ပိုင်ဆိုင်လက်ရှိထားလျက်ရှိပြီး ၎င်းမှ ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုယုမော် [၁၃/ပလတ(နိုင်)၀၁၂၃၇၄] က ဝယ်ယူရန် သဘောတူညီလျက် မြေကွက်ရောင်းဖိုးငွေ ပေးချေဝယ်ယူထားပြီးဖြစ်ရာ ယခုလက်ရှိပိုင်ဆိုင်ပြီး ယင်းမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ ဖြစ်စေ အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ယုယုမော်** | **ဒေါ်သက်ထားဆွေ(LL.B)** |
| **[၁၃/ပလတ(နိုင်)၀၁၂၃၇၄]** | **အထက်တန်းရှေ့နေ(စဉ် - ၄၈၃၄၈ )** |
| | **အမှတ်(၁၅၄)၊ ရွှေဝါထွန်း(၁)လမ်း၊** |
| | **(၁၂)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)** |
| | **မြို့နယ်။ ဖုန်း-၀၉-၄၂၀၄၅၄၅၅၀** |

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ အမှတ်(၂၀)ရပ်ကွက်၊ ဗိုလ်တေဇပတ်လမ်း၊ မြေကွက်အမှတ်(၇၅၃/ခ)၊ မြေအကျယ် (၂၀x၆၀)ပေ အကျယ်အဝန်းရှိ (ဦးချင့်ကင်းလွင် အမည်ပေါက် မြေချပါမစ်)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင်လက်ရှိထား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးလင်း[၇/မလန(နိုင်)၁၁၉၂၂၃]ထံမှ မြေကွက်ကို ကျွန်ုပ်၏ မိတ်ဆွေ ဦးမျိုးလင်း[၁၄/၀ခမ(နိုင်)၂၇၈၉၅၁]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လီလီနောရစ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၃၆၅၉၇)**
**အမှတ်(၁၇၁)၊ နေကြာလမ်း၊ (၁၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

### "PENTAGON LOGISTICS SERVICES (MYANMAR) COMPANY LIMITED "
### ကုမ္ပဏီတရားဝင်ဖျက်သိမ်းခြင်း

၂၀၂၃-ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့တွင်ကျင်းပသော ဒါရိုက်တာများအားလုံး တက်ရောက်သည့် အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ စာရင်းရှင်းတမ်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ဦးကျော်တင်ထံသို့ (၁၅-၁-၂၀၂၄)ရက်နေ့ နောက်ဆုံးထား စာရင်းရှင်းတမ်းပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်တင်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မေသူအိမ်ရာ၊ (အောင်မြေသာစည်)၊ အမှတ်(၁)ရပ်ကွက်၊ အောင်ချမ်းသာ(၄)လမ်း၊ တိုက်အမှတ်(၂၄/အေ)၊ အခန်းအမှတ်(၃၀၁) (တတိယထပ်)တိုက်ခန်း အကျယ်အဝန်း စတုရန်းပေ (၁၇၅၀) ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ဦးကြည်ဝင်း (YDN-၀၅၀၈၆၃)[၁၂/ကမရ(နိုင်)၀၅၂၁၉၉] အမည်ဖြင့် တရားဝင်အမည်ပေါက်၍ လက်ဝယ် ပိုင်ဆိုင်ထားသောတိုက်ခန်းဖြစ်ကြောင်း၊ လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ရောင်းချသူ ဦးကြည်ဝင်း (YDN-၀၅၀၈၆၃)[၁၂/ကမရ(နိုင်)၀၅၂၁၉၉]မှ ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးညီညီမိုး [၆/ထဝန(နိုင်)၀၈၅၆၄၇]မှ ဝယ်ယူရန် အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာထွေး (LLB,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၅၇/၂၀၁၃)**
**အမှတ်(၇၉၃)၊ ငမိုးရိပ်(၂)လမ်း၊ အပိုင်း(၁)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၇၄၅၆၁၉၊ ၀၉-၇၉၅၆၆၇၃၀၂**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၈)၊ ပတ္တမြား(၁)လမ်း၊ မြေကွက်အမှတ် (၃၅၀) ဟုခေါ်တွင်သော ဦးအောင်ကျော်(AC/၀၃၉၃၂၆)ပါမစ်အမည်ပေါက်ပြီး အကျယ်အဝန်း-အလျားxအနံ (၄၀ပေx၆၀ပေ)မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း-အလျားxအနံ (၂၀ပေx၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းအေး[၁၂/ဗဟန(နိုင်)၀၇၅၀၃၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဇာခြည်ချို[၁၂/မရက(နိုင်)၁၆၂၂၁၈]ကအပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ် ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သူဇာငြိမ်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၁)**
**အမှတ်(၇၉၃)၊ စာ၀(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

### ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၄)လမ်း၊ အမှတ်(၁၀၂/ခ)၊ မြေတိုင်းအမှတ်(ဂ)၊ အကျယ်အဝန်း အလျားxအနံ (၂၀x၆၀)ပေရှိ ဦးကျော်အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၊ နေအိမ်အရောင်းအဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေနှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်း ကင်းရှင်းစွာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်နေထိုင်လျက်ရှိ၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်ခင်မိုးဝေ[၁၂/ဥကမ(နိုင်)၀၃၆၁၅၃]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထိုက်ယဉ်ဝင်း [၁၂/ဥကမ(နိုင်) ၁၈၃၅၃၈] က စရန် ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ်(၁၀/၉၇)၊ နှယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၁၂၅၆၄**

### ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၂)ရပ်ကွက်၊ ဇမ္ဗူရာဇ်ရွှေစင်လမ်း၊ အမှတ်(၈၅)၊ မြေတိုင်း(၂)၊ လူနေရပ်ကွက်(ဝေဘာဂီ)၊ နှစ်(၆၀)ဂရန်မြေကွက်၏ခြေရင်းခြမ်း၊ အကျယ်အဝန်း (၁၅x၅၀)ပေရှိ မြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အစိတ်အပိုင်းနှင့် နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ၁။ ဦးဇေယျာလတ် [၁၂/ကမရ(နိုင်)၀၄၇၅၆၆] နှင့် ၂။ ဒေါ်ဖြူဖြူဝင်း [၁၂/ဥကမ(နိုင်) ၁၈၇၁၇၈] တို့က မြေနှင့်နေအိမ်အဆောက်အဦအပြီးအပိုင်လွှဲပြောင်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်အေးသန်း [၁၂/ဥကမ(နိုင်)၁၀၅၀၃၃]ထံမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိသော မြေနှင့်နေအိမ်အဆောက်အဦဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ်(၁၀/၉၇)၊ နှယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၁၂၅၆၄**

### ကန်ထရိုက်တာ ဦးသက်နိုင်ဦး [၁၂/ဥကမ(နိုင်)၀၂၁၂၄၀]၊ ၎င်းထံမှ ကြိုပွိုင့်တိုက်ခန်းဝယ်ယူထားသူများနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၄)လမ်း၊ အမှတ်(၁၀၂)တွင်နေထိုင်သူ ဒေါ်ခင်မိုးဝေ [၁၂/ဥကမ(နိုင်)၀၃၆၁၅၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန်ထရိုက်တာ ဦးသက်နိုင်ဦး၊ ၎င်းထံမှ တိုက်ခန်းဝယ်ယူထားသူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၁၀၂/ခ)၊ နှစ်(၆၀)ဂရန်မြေ၊ အလျားxအနံ (၂၀x၆၀)ပေရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ မြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၄)လမ်း၊ အမှတ်(၁၀၂/ခ)ဟု ခေါ်တွင်သည့် ဦးကျော်အမည်ပေါက်မြေကွက်ပေါ်တွင် (၆) ထပ်တိုက်ဆောက်လုပ်ရန် မြေရှင် ဒေါ်ခင်မိုးဝေနှင့် ကန်ထရိုက်တာ ဦးသက်နိုင်ဦးတို့သည် (၂၅-၁၂-၂၀၂၂)ရက်စွဲပါ (၆) ထပ်အဆောက်အဦသစ် ဆောက်လုပ်ရန်အတွက် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူကတိစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ ကန်ထရိုက်တာ ဦးသက်နိုင်ဦးမှ အဆောက်အဦ ဆောက်လုပ်ရန်ထားရှိသော စာချုပ်ပါ ကတိ၊ စည်းကမ်းချက်များကို သတ်မှတ်သည့်ရက် ကျော်လွန်နေသော်လည်း လုပ်ငန်းစတင်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မြေရှင်အနေဖြင့် နစ်နာဆုံးရှုံးမှုများ တွေ့ကြုံခံစားရလျက်ရှိပါသည်။ မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူချုပ်ဆိုထားသော ကတိစာချုပ်ကို ကန်ထရိုက်တာဘက်မှ ဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်နေသည့်အတွက် (၂၅-၁၂-၂၀၂၂)ရက်စွဲပါ ကတိစာချုပ်ကို မြေပိုင်ရှင်ဘက်မှ ဖျက်သိမ်းလိုက်ပြီ ဖြစ်ပါသည်။ ကန်ထရိုက်တာ ဦးသက်နိုင်ဦးထံမှ တိုက်ခန်းကြိုပွိုင့်ဝယ်ယူထားသူများရှိပါက မြေရှင်အနေဖြင့်ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း၊ မြေပိုင်ရှင်နှင့်လုံးဝသက်ဆိုင်မှုမရှိကြောင်း ကန်ထရိုက်တာ ဦးသက်နိုင်ဦး၊ ကန်ထရိုက်တာထံမှ ကြိုပွိုင့် တိုက်ခန်းဝယ်ယူထားသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ်(၁၀/၉၇)၊ နှယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၁၀၁၂၅၆၄**

## “တိုက်ခန်း အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အမှတ် (၆၀၁)၊ ရတနာမိုး ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်သော RC (၂)ခန်းတွဲ (၃)ထပ်တိုက်မှ ဒုတိယထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၃ ½ ပေx အနံ ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးလှထွန်း [၁၄/ခနဖ(နိုင်)၁၀၁၂၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးတူးတူးနိုင် [၆/လလန(နိုင်)၀၇၉၃၂၅]နှင့် ဒေါ်ဝင်းငွေး [၆/လလန(နိုင်)၀၈၉၀၀၉]က အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုချိုမာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၁၂)**
**အမှတ် (၈၀)၊ (၂)လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၄၅၁၂၃၅၄၊ ၀၉–၉၅၅၆၀၀၁၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်–၁၀၅၊ ၆–လွှာ(ဘီ)၊ ခြေရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းကိုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ဝေ [၁၂/သကတ(နိုင်)၀၈၆၃၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မြင့်မြင့်ခိုင် [၁၂/ကမတ(နိုင်)၀၁၆၃၆၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဦးသူရိန်မြင့် LL.B (စဉ်–၉၅၂၁/၂၀၁၃ ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဉ်–၁၂၈၁၈/၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း –၀၉–၅၀၅၉၈၂၂၊ ၀၉–၇၉၅၇၉၀၇၆၇**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၂၈

| | | |
|---|---|---|
| ဦးသန်းစိုး | နှင့် | ၁။ ဦးဘက်တမာနာသန် |
| | | (ခ) ဦးကျော်ညွန့် |
| | | ၂။ ဦးနူရ်မာဟာမက်အီစွတ်ပါယက်ဖ် |
| | | (ခ) Ne Vyez |
| | | ၃။ ဒေါ်အာရှာဘီဘီ(ခ) Asha Bi Bi |
| | | ၄။ ဒေါ်ခတီဇာဘီဘီ(ခ)Khatiza BiBi |
| | | ၅။ အတ်ဒ်အစ္စမေးလ်မိုဒန်(ခ)Ahmed Jsmail Modum |
| | | ၆။ မာမုဒ်အစ္စလေးလ်မိုဒန်(ခ)2md Mohamed Jsmail Modum |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး ၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၄၀)လမ်း ၊ အမှတ်(၃၂)၊ မြေညီထပ်နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ၂။ ဦးနူရ်မာဟာမက်အီစွတ်ပါယက်ဖ်(ခ) Ne Vyez နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၄)လမ်း၊ အမှတ် (၂၇)နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ၃။ ဒေါ်အာရှာဘီဘီ(ခ) Asha Bi Bi ၄။ ဒေါ်ခတီဇာဘီဘီ (ခ) Khatiza BiBi ၅။ အတ်ဒ်အစ္စမေးလ်မိုဒန်(ခ) Ahmed Jsmail Modum ၆။ မာမုဒ်အစ္စလေးလ်မိုဒန် (ခ) 2md Mohamed Jsmail Modum တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက “(၁၈–၂–၂၀၂၃)ရက်နေ့တွင် ဝယ်ယူထားသော နှစ်ဦးသဘောတူ မြေနှင့်အဆောက်အဦ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်၊ (၁၃၈၅ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်နေ့) မွန်းမတည့်မီ နံနက် (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးသီရိခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၉/A)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ အိမ်အမှတ်(၅၅၆)နေ (ဘ)ဦးအောင်သိန်း၏ သမီးဖြစ်သူ ဒေါ်စုလတ်ကျော် [၁၂/တတန(နိုင်)၁၆၇၀၄၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုလတ်ကျော်သည် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ညောင်ဝိုင်း/ကွမ်းခြံရပ်ကွက်၊ ညောင်ဝိုင်းကန်သာယာလမ်းမကြီးဘေး၊ အိမ်အမှတ်(မရှိ)၊ အလျား(၁၅)ပေxအနံ(၄၂)ပေရှိသောခြံမြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော ကွန်ကရစ်အခင်း၊ အုတ်ခံနှစ်ထပ်တိုက်တစ်လုံးအပါအဝင် မြေပေါ်မြေအောက်ပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ရှင်များဖြစ်သော တွံတေးမြို့နယ်၊ ညောင်ဝိုင်း/ကွမ်းခြံရပ်ကွက်နေ ဒေါ်စိုးစိုးနိုင် [၁၂/တတန(နိုင်)၂၀၇၄၇၁]၊ မောင်သက်နိုင်ဦး(ခ) မောင်သက်ပိုင်ဦး၊ မောင်သက်ပိုင်စိုး၊ မအေးမြင့်ကြည်တို့ထံမှ (၁၇–၁၂–၂၀၂၃) ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေနေရာအား အရောင်းအဝယ်ပြုလုပ်ရာတွင် ကန့်ကွက်မည့်သူများရှိပါက ယခုသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိင်္ဂီလှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ စဉ်–၁၂၁၇၇(၂၈–၂–၂၀၁၇)**
**အမှတ်–၁၈၊ ရွှေဆံတော်ဘုရားလမ်း၊ တွံတေးမြို့။**
**ဖုန်း – ၀၉–၅၀၄၄၁၆၈၊ ၀၉–၇၈၅၀၄၄၁၆၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၅၂

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ်၊ | နှင့် | ၁။ ဒေါ်လှလှငွေး |
| အင်းစိန်မြို့ | | (၎င်း၏အခွင့်ရကိုယ်စားလှယ် |
| (၎င်း၏ကိုယ်စား | | ဒေါ်မြမြသန်း) |
| ဒေါ်သိင်္ဂီရွှေ၊ ခရိုင်မန်နေဂျာ) | | ၂။ ဦးဝင်းဇော် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ် (၆)လမ်း၊ အမှတ်(၂၄၀/က) နေ (၂)တရားပြိုင် ဦးဝင်းဇော် (ယခုနေရပ်လိပ်စာမသိသူ)တို့** သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“တရားမကျင့်ထုံးဥပဒေအမိန့်–၃၄၊ နည်း– ၃ အရ အပေါင်ပစ္စည်းရောင်းချလိုမှု (အပေါင်ဒီကရီရလိုမှု)”** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်၊ (၁၃၈၅ ခု၊ နတ်တော်လဆန်း ၁၀ ရက်)**နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုတို့ကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းမြမြစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ်/အမည် (၃၉–ဖက်တန်း)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ (၀.၀၁၀)ဧကရှိ မြေကို နှစ်ရှည်မြေငှားဂရန် ပထမအကြိမ်ချထားပေးပါရန် မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ ဖက်တန်းလမ်းကြား၊ အမှတ် (၄)နေ ဦးထွန်းလင်းကျော်နှင့် ဒေါ်ခိုင်ဖြိုးလှိုင်တို့ (၂)ဦးမှ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ လျှောက်မြေသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ (၁–က)စာရင်းတွင် DROP NO V 123/1946–1947 အရ ဦးတော်ဂွမ်လိုင်နှင့် ဒေါ်ချူကာရီတို့ (၂)ဦးအမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ဂရန်သက်တမ်းမှာ ကုန်ဆုံးခဲ့ပြီး ဖြစ်ပါသည်။ မူလအမည်ပေါက်သူ . ဦးတော်ဂွမ်လိုင်နှင့် ဒေါ်ချူကာရီ အသီးသီးကွယ်လွန်သွားသည့်အတွက် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ကင်ကီးမှ ကျန်ရစ်ခဲ့ပြီး ဒေါ်ကင်ကီးနှင့် ခင်ပွန်းဖြစ်သူတို့ အသီးသီးကွယ်လွန်ခဲ့ပြန်ရာ သားသမီးများဖြစ်သည့် ဒေါ်သင်းသင်းအေး၊ ဒေါ်ငွေးငွေးဝင်း၊ ဒေါ်သင်းသင်းရီ၊ ဒေါ်ခင်သီတာ၊ ဦးမင်းသန်း၊ ဦးထွဋ်မော်၊ ဒေါ်နီလာဝင်းတို့ (၇)ဦးကျန်ရစ်ခဲ့ပြီး ဒေါ်သင်းသင်းရီနှင့် ခင်ပွန်းဖြစ်သူတို့အသီးသီးကွယ်လွန်ခဲ့ရာ သားသမီးနှစ်ဦးဖြစ်သည့် ဦးထွန်းလင်းကျော်နှင့် ဒေါ်ခိုင်ဖြိုးလှိုင်တို့ ကျန်ရစ်ခဲ့သဖြင့် လျှောက်မြေအား ဒေါ်သင်းသင်းအေး၊ ဒေါ်ငွေးငွေးဝင်း၊ ဒေါ်ခင်သီတာ၊ ဦးမင်းသန်း၊ ဦးထွဋ်မော်၊ ဒေါ်နီလာဝင်း၊ ဦးထွန်းလင်းကျော်နှင့် ဒေါ်ခိုင်ဖြိုးလှိုင်တို့ (၈)ဦးမှ မော်လမြိုင်မြို့နယ်စာချုပ်–စာတမ်းမှတ်ပုံတင်ရုံး၏ ကျမ်းကျိန်လွှာအမှတ်၊ ၉၃/၂၀၁၈ အရ ကျမ်းကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်၊ ၉၈/၂၀၁၈ အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာပြီး ဒေါ်သင်းသင်းအေး၊ ဒေါ်ငွေးငွေးဝင်း၊ ဒေါ်ခင်သီတာ၊ ဦးမင်းသန်း၊ ဦးထွဋ်မော်၊ ဒေါ်နီလာဝင်းတို့ (၆)ဦးမှ ဦးထွန်းလင်းကျော်နှင့် ဒေါ်ခိုင်ဖြိုးလှိုင်တို့(၂)ဦးအား မော်လမြိုင် မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်၊ ၆၅/၂၀၁၈ ဖြင့် တရားဝင်ပေးကမ်းခဲ့သဖြင့် ဦးထွန်းလင်းကျော်နှင့် ဒေါ်ခိုင်ဖြိုးလှိုင်တို့ (၂)ဦးမှ တရားဝင်ပိုင်ဆိုင်လာပြီး ဦးထွန်းလင်းကျော်နှင့် ဒေါ်ခိုင်ဖြိုးလှိုင်တို့ (၂)ဦးအမည်ဖြင့် နှစ်ရှည်မြေငှားဂရန် ပထမအကြိမ် ချထားပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာတွင် ကြေညာသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားအပြည့်အစုံများနှင့်အတူ ဤရုံးသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် – မော်လမြိုင်မြို့**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်လမ်း၊ Diamond Condo ၊တိုက်အမှတ်(B)၊ (၆)ခန်းတွဲ (၁၅)ထပ် အဆောက်အဦ၏ (၁၂–လွှာ)ရှိ အခန်းအမှတ် (12-03)၊အကျယ်အဝန်း(1050)စတုရန်းပေရှိသည့် ဦးအောင်မျိုးသိန်း(၁၂/လမတ(နိုင်)၀၀၁၆၂၀)အမည်ပေါက်တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါကွန်ဒိုတိုက်ခန်းကို National Land ကုမ္ပဏီ၏ တိုက်ခန်းပိုင်ရှင်မှတ်တမ်းစာအုပ်တွင် တရားဝင်အမည်ပေါက်သူ-ဦးအောင်မျိုးသိန်း(၁၂/လမတ(နိုင်)၀၀၁၆၂၀)က အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ရီရီမြင့်(၁၄/ဟသတ(နိုင်)၁၂၄၁၉၉)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်၊(လွှဲအပ်ညွှန်ကြားချက်များအရ)

| | | |
|---|---|---|
| **ဦးသန့်ဇင် ( LL-B )** | **ဒေါ်ဟန်နွေနိုင်( LL-B)** | အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2) |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၃၅၄၄) | ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 | ရန်ကုန်တိုင်းဒေသကြီး။ |

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၂၇)၊ တတိယထပ် တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသော ဦးကောင်းမြတ်နိုင် [၄/ဟခန(နိုင်)၀၀၉၅၀၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟိန်းထက်နိုင် [၁/မညန(နိုင်)၁၆၆၅၆၅]မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသောစာရွက်စာတမ်းမူရင်းများယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းထက်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းငြိမ်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊ (ပ)ထပ်၊ Strand Condominium မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၂၀၁၆၇၈၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမိုးမြင့်ပိုင် [၁၂/သဃက(နိုင်)၁၇၇၉၀၁] C.D.C 90553 ၏ JUBILEE STAR 04.DEC.2018 SEA SERVICE REPORT ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၀၇၅၃၆၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၆၁ (ကံဘဲ့)၊ မြေကွက်အမှတ် (၇/ယ)– ၁–၄၊ ဧရိယာ (၀.၀၉၇)ဧက မြေကွက်တည်နေရာ အမှတ်(၁၀/ B )၊ အင်းယားရိပ်သာလမ်း၊ ၁၀/ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်နုနု [၁၂/လမတ(နိုင်)၀၀၅၂၈၃] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်နုနုမှ နိုင်ငံသားစိစစ်ရေးကတ် အမည်ပေါက်စာချုပ်၊ မြေရာဇဝင်ရှိ ၂၀၁၅–ခုနှစ်၊ ဘဏ်ချေးမြေပုံကူးမှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၅–ခုနှစ်တွင် ဘဏ်ချေးမြေပုံ မြေရာဇဝင် လျှောက်ထား ကူးယူခဲ့ကြောင်း၊ အဆိုပါ ဘဏ်ချေးမြေပုံမြေရာဇဝင်မူရင်းမှာ သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ အခြားသောလူပုဂ္ဂိုလ်များ၊ အခြားသောအဖွဲ့အစည်းများ၊ အခြားသောဘဏ်များတွင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း အစရှိသည်တို့ ပြုလုပ်ခဲ့ခြင်းမရှိဘဲ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း၊ ကျမ်းကျိန်လွှာနှင့်တကွ ဝန်ခံကတိပြု ရှင်းလင်းစာတို့တင်ပြ၍ ၎င်းထံမှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်–၂၅၈၅/၂၀၂၃ (၉–၂–၂၀၂၃) ဖြင့် SP ရရှိသူ ဦးဇင်မင်းလတ် [၁၂/လမတ(နိုင်)၀၂၅၄၈၂]မှ အထူးကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာလွှဲအပ်သူ ယနေ့ထက်တိုင် သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း မပြုသေးသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၂–ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံ (အထက်)လမ်း၊ အမှတ်– ၃၀၇ ဟု လိပ်စာတွင်ရာ၌ရှိသည့် အကျယ်အဝန်း (၂၅'x၆၀')ရှိသော တတိယထပ် (ဒါဘာ)တိုက်ခန်းနှင့် နေထိုင်သုံးစွဲပိုင်ခွင့်၊ အပျောက်စနစ်ဖြင့် ပြန်လည်ရောင်းချပိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးခင်မောင်လေး [၁၂/အစန(နိုင်)၁၅၇၂၈၈]ထံမှ ကာလပေါက်ဈေးဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စန္ဒာငွေး (LL.B)** | **ဦးအောင်ကျော်ဦး(LL.B,D.B.L,D.I.L)** |
| **(စဉ်–၂၄၈၄၉)** | **(စဉ်–၅၅၇၄၂)** |

**အထက်တန်းရှေ့နေများ**
**အမှတ်–၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၆၄၃၁၂၁၉၄**

## “တိုက်ခန်း အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အမှတ် (၆၀၁)၊ ရတနာမိုး ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်သော RC (၂)ခန်းတွဲ (၃)ထပ်တိုက်မှ ပထမထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၃ ½ ပေx အနံ ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးလှထွန်း [၁၄/ခနဖ(နိုင်)၁၀၁၂၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးလှငွေ [၆/လလန(နိုင်)၀၃၉၁၄၉]နှင့် ဒေါ်ထွေးဝင်း [၆/လလန(နိုင်)၀၃၉၁၅၆]က အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုချိုမာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၁၂)**
**အမှတ် (၈၀)၊ (၂)လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၄၅၁၂၃၅၄၊ ၀၉–၉၅၅၆၀၀၁၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၃–ရပ်ကွက်၊ အမှတ်(၄၁၇) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ်(၄၁၇)၊ အကျယ်အဝန်း (၂၀x၆၀)ပေ၊ (၁၂၀၀) စတုရန်းပေရှိ ပါမစ်မြေအမျိုးအစားကို မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် ဒေါ်မြကြည် အမည်မှတ်သားတည်ရှိပါသည်။

အထက်ပါမြေကွက်အား ဒေါ်မြကြည် မှ ဦးကျော်မိုး သို့လည်းကောင်း၊ ဦးကျော်မိုး မှ ဦးမြင့်ထွန်း သို့လည်းကောင်း၊ ဦးမြင့်ထွန်းမှ ဦးအေးကိုသို့လည်းကောင်း၊ ဦးအေးကို မှ ဦးအောင်မင်း သို့လည်းကောင်း၊ ဦးအောင်မင်းမှ ဦးကျော်ထွန်းသို့ စာချုပ်အစပ်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေမှ ယင်းမြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုန်းသန်း (စဉ်–၈၂၃၉)**
**(B.A(Geog), R.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၁၀/ခ)၊ ဗလ္လိက(၁၂)လမ်း၊ ၁၀–ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း – ၀၉–၂၅၄၂၇၃၅၅၀၊ ၀၉–၄၅၀၀၁၉၇၄၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စီးပွားရေးကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတစ်ဝန်းလုံး၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် နိုင်ငံအတွက် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေးအခြေခံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃) တွင် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# MNL အမှတ်ပေးချန်ပီယံဆု ရှမ်းယူနိုက်တက်အသင်း ငါးကြိမ်မြောက်ရရှိပြီး တစ်ရာသီလုံး ရှုံးပွဲမရှိသဖြင့် ရွှေဖလား ထပ်မံဆွတ်ခူး

ရန်ကုန် ဒီဇင်ဘာ ၁၈

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးပွဲကို ဒီဇင်ဘာ ၁၈ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။ စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❐



## ယနေ့ ဖတ်စရာ


တောင်ကိုရီးယားကိုသွားရောက်သည့် Re-entry လုပ်သားအချို့ထံမှ တားမြစ်ပစ္စည်းများ သိမ်းဆည်းရမိ
စာမျက်နှာ » ၇

ယခုနှစ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်သို့ မြန်မာပြည်တွင်းမှ ခရီးသွား တစ်သောင်းကျော် သွားရောက်
စာမျက်နှာ » ၁၃

ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) နှစ်တန်ကျော်၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ကီလို ၈၀၀ နှင့်အတူ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ
စာမျက်နှာ » ၁၄

မော်လမြိုင်တွင် တပ်ဖွဲ့ဝင်များက မှတ်ပုံတင်မပြနိုင်သူများကို ဒဏ်ရိုက်သည်ဟုဆိုပြီး ငွေကျပ်တစ်သောင်းတောင်းဟု မဟုတ်မမှန် ဝါဒဖြန့်ထုတ်လွှင့်လျက်ရှိ
စာမျက်နှာ » ၁၅


## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၈

လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် "ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့" ဆောင်ပုဒ်ဖြင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို ယင်းနေ့နံနက် ၈ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MRTV-NRC၊ MRTV Farmers'၊ MRTV Sports နှင့် MRTV Parliament Channel၊ MWD HD၊ MWD Variety HD၊ MITV၊ MOI Website၊ MOI Youtube၊ မြန်မာ့အသံရေဒီယိုနှင့် MRTV App: အပါအဝင် Online တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။

သတင်းစဉ်

# ချန်ပီယံလိဂ်(၁၆)သင်းအဆင့်တွင် လက်ရှိချန်ပီယံမန်စီးတီးနှင့် ကိုပင်ဟေဂင်၊ အာဆင်နယ်အသင်းနှင့် ပေါ်တိုအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

ချန်ပီယံလိဂ်(၁၆)သင်းအဆင့်မှာ လက်ရှိချန်ပီယံမန်စီးတီးအသင်းဟာ ဒိန်းမတ်ချန်ပီယံ ကိုပင်ဟေဂင်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းကတော့ ပေါ်တိုအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာ ဖြစ်ပါတယ်။




အာဆင်နယ် အသင်းဟာ ပေါ်တိုအသင်းနဲ့ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်သုံးပွဲစလုံးမှာ အနိုင်ရရှိခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီက အုပ်စုအဆင့်မှာ ဒိန်းမတ်မြေမှာ ကိုပင်ဟေဂင်ကို ဂိုးမရှိသရေရလဒ်သာ ကစားနိုင်ခဲ့ကာ အင်္ဂလန်မြေမှာတော့ ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ကိုပင်ဟေဂင်အသင်းဟာ စာမျက်နှာ ၂၀ ကော်လံ ၁ သို့❖